ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 21 May 2025 ၁၁၈၂၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆက်လက်ကျင်းပ

# မိမိတို့နိုင်ငံသည် နေသာသည့်နေ့ရက်များပြားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်စွမ်းအင်ထုတ်ယူခြင်းကို ဆောင်ရွက်သင့်

နေပြည်တော် မေ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ

ဆက်စပ်ဆင်ခြင် ယုတ္တိရှိမရှိ စဉ်းစားပါ
ဆောင်းပါး စာမျက်နှာ ၆

မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ခေါ်ယူခြင်း
စာမျက်နှာ ၁၀

ထိုင်းနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်
စာမျက်နှာ ၁၃

လူငယ်နှင့် ခေါင်းဆောင်မှုစွမ်းရည်
လူငယ်ရေးရာကဏ္ဍ စာမျက်နှာ ၁၇

ကြေးမုံ

# တိုင်းပြည်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးမှ ပညာရည်မြင့်မားပြည့်ဝတိုးတက်မည်

နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် ပညာရည်မြင့်မားအောင်၊ ပညာတတ်များ ပေါ်များလာအောင် ကြိုးပမ်းဆောင်ရွက်နေကြသည်။ ပညာတတ်ဆိုသည်မှာ တွေးခေါ်မြော်မြင် ဆင်ခြင်တုံတရားမြင့်မားသော၊ အကောင်းအဆိုး အကြောင်းအကျိုးကို ခွဲခြားဝေဖန် သုံးသပ်နိုင်စွမ်းရှိသောသူများဖြစ်သည်။ အဆိုပါပညာတတ်များဖြင့် လူ့ဘောင်လောက ကောင်းကျိုးများကို ပုံဖော်ဖန်တီးတည်ဆောက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသမိုင်းကြောင်းတွင် ခေတ်အဆက်ဆက်၌ ပညာရေးဘက်တွင် အားနည်းမှုများရှိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ရှေးမြန်မာဘုရင်များလက်ထက်က ဥရောပနိုင်ငံများသို့ ပညာတော်သင်များ စေလွှတ်ခဲ့သည့် သမိုင်းမှတ်တမ်းများရှိခဲ့သည်။ မင်းညီမင်းသားများသည် ခေတ်မီပညာရပ်များ လေ့လာသင်ကြားခဲ့ရသည်ကို တွေ့ရသည်။ လွတ်လပ်ရေးမရမီကာလကတည်းကပင် ပညာရေးတွင် အားနည်းချက်များရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း လူနည်းစုသာ ပညာတတ်များဖြစ်ခဲ့သည်။ ရှေးမြန်မာဘုရင်များခေတ်က နိုင်ငံတော်ကကျင့်သုံးခဲ့သည့် ပညာရေးစနစ်နှင့် ခေတ်အဆက်ဆက် နိုင်ငံတော်ကကျင့်သုံးခဲ့သည့် ပညာရေးစနစ်များကို ပြန်လည်လေ့လာသုံးသပ်ရန် လိုမည်ဖြစ်သည်။

ပညာရေးအားနည်းလျှင် စီးပွားရေးအားနည်းမည်ဖြစ်ပြီး ပညာရေးအရ၊ စီးပွားရေးအရ အားနည်းမှုများကြောင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ လှုံ့ဆော်မှုမျိုးစုံကို လွှမ်းမိုးခံစားခဲ့ရပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိဘဲ စီးပွားရေးတွင်ပါ နောက်ကျကျန်ရစ်ခဲ့သည်ကို သမိုင်းမှတ်တမ်းများတွင် သင်ခန်းစာအဖြစ် တွေ့ရှိရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအဆက်ဆက်သည် ပညာရေးကို မြှင့်တင်အားပေးလာခဲ့သည်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလတွင် ကျောင်းနေရာခိုင်နှုန်းများ မြင့်တက်လာခဲ့သည်ကို တွေ့ရသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးချိန်၌ ကျောင်းနေရာခိုင်နှုန်းများ ကျဆင်းခဲ့သည်။ ၂၀၂၁ ခုနှစ်နောက်ပိုင်း ပညာရေးကို နိုင်ငံရေးအရ နှောင့်ယှက်ဖျက်ဆီးမှုများနှင့် ကြုံရသည်။ ယင်းပညာရေးအားနည်းချက်နှင့် အနှောင့်အယှက်များကို သတိပြုဖို့လိုသည်။

အရည်အချင်းပြည့်ဝသော ပညာတတ်များ ပေါ်များလာအောင် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မဖြစ်မနေ မွေးထုတ်ပေးရမည်ဖြစ်ပြီး စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။ "ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန်လိုအပ်မည်"ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၁၉ ရက်နေ့က ပြုလုပ်သည့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားထားသည်။

မြန်မာနိုင်ငံတွင် ဖြစ်ထွန်းနေသော စီးပွားရေးနှင့် လူမှုရေးအခြေအနေအရ အတန်းပညာကို ပြီးဆုံးအောင်သင်ယူပြီး ပညာတတ်များဖြစ်လာအောင် ဆောင်ရွက်နိုင်မှုမှာ နိုင်ငံလူဦးရေအချိုးနှင့်နှိုင်းစာလျှင် မများသေးဟု ဆိုနိုင်သည်။ အများစုမှာ လူမှုစီးပွားဘဝအခြေအနေအရ ပညာကိုဆုံးခန်းတိုင်အောင် မသင်ယူလိုက်နိုင်သောသူများနှင့် သာမန်အခြေအနေအဆင့်သာ ပြီးဆုံးအောင် သင်ယူခဲ့ကြသူများကို တွေ့ရမည်ဖြစ်သည်။ အချို့ပညာတတ်များမှာ စီးပွားရေး သို့မဟုတ် နိုင်ငံရေးအရ နိုင်ငံအတွက် အကျိုးမပြုနိုင်ကြသူများကိုလည်း တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်ရာ အခြေခံပညာအထက်တန်းကို ပြီးဆုံးအောင်မသင်ကြားနိုင်သူများ၊ တက္ကသိုလ်ဝင်တန်းမအောင်မြင်သူများကို သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေး နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ကွန်ပျူတာနှင့် နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များ ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုများရရှိခဲ့ပြီး အကျိုးရလဒ်များကို တွေ့မြင်ခဲ့ရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ ရေရှည်အနာဂတ်အကျိုးကိုကြည့်ပြီး စီမံဆောင်ရွက်လျက်ရှိသည်။ ပြည်သူအများစုမှာ အလယ်တန်းအဆင့်တွင်ပင် ပညာရေးအဆုံးသတ်မှုရှိနေသဖြင့် ထိုသို့မဖြစ်ရအောင် နိုင်ငံတော်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင် အထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတစ်ဝန်းတွင် အကောင်အထည်ဖော်ခဲ့ရာ အထိုက်အလျောက် အောင်မြင်မှုများရရှိခဲ့သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တွင် ကျွမ်းကျင်သူများ ပိုမိုမွေးထုတ်ပေးနိုင်ရန် လိုအပ်မည်ဖြစ်သည်။

ယခုအခါ အခြေခံပညာနှင့်အဆင့်မြင့်ပညာကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည်။ နိုင်ငံတစ်ဝန်း ဒေသအလိုက် ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ၏အနာဂတ်ကို နှောင့်ယှက်ဖျက်ဆီးနေသည့် အကြမ်းဖက်သမားများ၏ ပညာရေးအပေါ် နှောင့်ယှက်ဖျက်ဆီးမှုများကို နည်းလမ်းမျိုးစုံဖြင့် ကာကွယ်သွားကြရမည်ဖြစ်သည်။ ပညာရေးကဏ္ဍတွင် နှောင့်ယှက်ဖျက်ဆီးခံရသည့် ဒေသများသည် အခြားဒေသများနောက်တွင်သာ ကျန်ခဲ့မည်ဖြစ်ရာ နိုင်ငံတစ်ဝန်း ပညာရည်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## လှူဒါန်းနိုင်ရန်နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင်လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ ၁၇၈၁ ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ ၄၉၉၈ ခု စုစုပေါင်း ၆၇၇၉ ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင် ညွှန်ကြားရေးမှူး နေပြည်တော်သာသနာရေးမှူးရုံး ဖုန်း-၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး ဒုတိယညွှန်ကြားရေးမှူး ဖုန်း - ၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော် ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း- ၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း- ၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး ညွှန်ကြားရေးမှူး ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၉၂၀၃၈၅၆၃နှင့် ဒေါက်တာဝတ်ရည်ဝင်းသန့် ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း- ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင် လက်ထောက်ညွှန်ကြားရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော် ညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၉၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင် ဒုတိယညွှန်ကြားရေးမှူး ဖုန်း- ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းဌေး ညွှန်ကြားရေးမှူး ရှမ်းပြည်နယ်သာသနာရေးမှူးရုံး ဖုန်း- ၀၉၄၂၀၇၃၀၈၃၉ နှင့်ဒေါ်ခက်ခက်လှ ဒုတိယညွှန်ကြားရေးမှူး ဖုန်း - ၀၉၄၃၀၄၁၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေ ၂၀ ရက်အထိ သေဆုံးသူ ၃၇၂၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၇၉ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၇၃၀၀၀၀ ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀- ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၇၀၀ | ၆,၈၀၀ | ၂၇၄ | ၁,၈၅၀,၈၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၁,၀၄၂ | ၃,၀၇၄,၂၅၀ |
| MCB | ၈,၀၀၀ | ၇,၈၀၀ | ၁၀၅ | ၈၃၉,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁,၈၀၅ | ၃,၁၅၉,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၁၃၄ | ၂၀၁,၀၀၀ |
| AMATA | ၃,၆၅၀ | ၃,၈၀၀ | ၂၇၂ | ၁,၀၀၅,၁၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၁,၀၃၉ | ၃,၂၇၄,၈၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၂၅ | ၇၇,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

## လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား အသီးသီးရှင်းလင်းတင်ပြ

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုပ်ငန်းလည်ပတ်လျက်ရှိမှုအခြေအနေများ၊ အထွေထွေတင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

### တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးမှာကြား

လျှပ်စစ်စွမ်းအင်ဆိုင်ရာ တင်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားရာတွင် လျှပ်စစ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လိုအပ်ချက်ပြည့်မီမှုမရှိသေးကြောင်း၊ လျှပ်စစ်စွမ်းအင်မရှိပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိုက်သင့်သလောက် ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အားပေး စီမံကိန်းများကို ယခင်ကာလများကတည်းကပင် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း အဆိုပါ **ရှိရင်းစွဲလျှပ်စစ်ဓာတ်အားပေးစီမံကိန်းများကို အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်အကောင်အထည်ဖော် ဆောင်နိုင်မှုမရှိခဲ့ခြင်းကြောင့် လျှပ်စစ်ဓာတ်အား ဖူလုံမှုမရှိခြင်းဖြစ်**ကြောင်း၊ ထင်ရှားသည့် ဥပမာတစ်ခုကို ပြမည်ဆိုပါက **မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ရပ်ဆိုင်းခဲ့ရမှုမရှိပါက မဂ္ဂါဝပ် ၆၀၀၀ ရရှိမည်ဖြစ်ကြောင်း၊ ရှိပြီးဖြစ်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းတို့ ပေါင်းစပ်လိုက်မည်ဆိုပါက လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပြည့်မီရုံသာမက ကျော်လွန်သည့် အနေအထားသို့ပင် ရောက်ရှိနိုင်မည်**ဖြစ်ကြောင်း၊ မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပြည့်ဖြိုးမြဲလျှပ်စစ်စွမ်းအင်ကို ထုတ်ယူသုံးစွဲခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင်တွင် ရေအား၊ လေအားနှင့် နေအား ဟူ၍ ရှိကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများကို မိမိတို့နိုင်ငံအတွင်း စီးဆင်းနေသည့် မြစ်ချောင်းများပေါ်၌ ဆောင်ရွက်၍ရနိုင်သည်ဖြစ်သော်လည်း အချို့သောနေရာများ၌ လုံခြုံရေးအခြေအနေအရ စီမံကိန်းများ ရပ်တန့်ထားရခြင်းများနှင့် လုပ်ငန်းဆောင်ရွက်၍ မရနိုင်သည်များလည်းရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လုပ်ဆောင်၍ ရနိုင်သည့်နေရာများကို ဖော်ထုတ်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ အနိမ့်တမံ Low-Head Dam များ ပြုလုပ်၍လည်း ရေအားလျှပ်စစ်ထုတ်ယူ၍ရနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် နေသာသည့်နေ့ရက်များပြားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်စွမ်းအင်ထုတ်ယူခြင်းကို ဆောင်ရွက်သင့်ကြောင်း၊ ဆိုလာထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပြီး ဆိုလာများသည် အနာဂတ်တွင် လိုအပ်ချက်ကြီးမားလာနိုင်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း Small Scale ဆိုလာစက်ရုံများကို ဆောင်ရွက်သင့်ကြောင်း၊ ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် ပတ်သက်၍ မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည်ဟူသည့် မူဝါဒကို ချမှတ်ဆောင်ရွက်သွားရန် လိုကြောင်း။

အလားတူ စက်သုံးဆီနှင့်ပတ်သက်၍လည်း နှစ်စဉ် အမေရိကန်ဒေါ်လာ ၅ ဘီလီယံခန့်တန်ဖိုးရှိ စက်သုံးဆီများကို တင်သွင်းနေရကြောင်း၊ လောင်စာဆီသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်(EV)ကား တင်သွင်းမှုများကို ခွင့်ပြုပေးထားသော်လည်း နိုင်ငံခြားငွေလိုအပ်ချက်များ ရှိနေသည့်အတွက် ကန့်သတ်ချက်ရှိနေကြောင်း၊ ကုန်သွယ်မှုပိုငွေပြနေသော်လည်းပဲ အခြားသုံးစွဲမှုများ အနုတ်များ များပြားမှုရှိနေခြင်းကြောင့် နိုင်ငံခြားငွေဈေးမြင့်တက်နေကြောင်း၊ ဥပမာအားဖြင့် ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် ထွက်ခွာမှုများနှင့် နိုင်ငံခြားငွေသုံးစွဲမှု များပြားလျက်ရှိကြောင်း၊ နိုင်ငံခြားငွေ လိုအပ်ချက်များရှိနေသဖြင့် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်(EV) ကား တင်သွင်းမှုများတွင် ကန့်သတ်ချက်များ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ယခင်နေ့အစည်းအဝေးတွင် ရှင်းပြခဲ့ပြီးဖြစ်သည့် စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်နှင့် သီးထပ်စွမ်းအားများ ရာနှုန်းပြည့် ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး (Public Transportation)များကို ပိုမိုအားပေးဆောင်ရွက်ပြီး အသုံးပြုမှု များပြားလာမည်ဆိုပါက နှစ်စဉ် ပြည်ပမှ လောင်စာဆီ တင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးနှင့်ပတ်သက်၍လည်း လျှပ်စစ်စွမ်းအင်သုံးပို့ဆောင်ရေးစနစ်သို့ သွားနိုင်ရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သရွေ့ ဆောင်ရွက်သွားမည်ဖြစ်ပြီး မကြာမီကာလအတွင်း ဘက်ထရီစနစ်သုံး မီးရထားစက်ခေါင်းများလည်း ရောက်ရှိတော့မည်ဖြစ်ပြီး စတင်အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်း။

### မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် လိုင်စင်မဲ့ယာဉ်များ ဖော်ထုတ်ရေး

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပတ်သက်၍ တပ်ဖွဲ့ဝင်များ အရည်အသွေးပြည့်မီစေရေးအတွက် လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်များ၏ သက်သာချောင်ချိရေး၊ နေရေးထိုင်ရေးနှင့် ဝတ်စားဆင်ယင်မှုများနှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာ စားသောက်မှုရှိစေရေး၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိစေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူထုနှင့်ထိတွေ့ဆက်ဆံနေရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်သဖြင့် ၎င်းတို့၏ သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ စီးနင်းနေမှုများကိုလည်း ဖော်ထုတ်သွားရန်လိုကြောင်း၊ နံပါတ်ပြားများအတုပြုလုပ်ခြင်း၊ လိုင်စင်များ အတုပြုလုပ်ခြင်းများ လုပ်ဆောင်နေမှုများကို တွေ့ရှိရပြီး တာဝန်ရှိသူများအနေဖြင့် ပါဝင်ပတ်သက်နေသူများအားလုံးကို စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ စီးနင်းနေမှုများကြောင့် နိုင်ငံတော်အနေဖြင့် အခွန်အခများစွာ နစ်နာမှုရှိမည်ဖြစ် သကဲ့သို့ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင်လည်း အခက်အခဲများဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်တွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ စီးနင်းမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း။

### နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်ပြီး သက်ဆိုင်ရာ ပြည်နယ်၊ ဦးစီးအဖွဲ့များနှင့်ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းရင်းသားဒေသများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်စေရေး ပညာရေးကို အားပေးမြှင့်တင်ရမည်ဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက်အားပေးဆောင်ရွက်ခဲ့ကြကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များကိုလည်း သီးခြားအနေဖြင့် ဖွင့်လှစ်ပေးထားပြီး ဘွဲ့ရရှိသူများအနေဖြင့် မိမိတို့ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုး မွေးမြူရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပြန်လည်ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ၌ စည်းစနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဦးဆောင်၍ လက်တွေ့ကျသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဘွဲ့ရများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့်တာဝန်များကို ထမ်းဆောင်၍ နိုင်ငံတော်ကို အကျိုးပြုနိုင်ရမည်ဖြစ်ကြောင်း။

### အားကစားနှင့် လူငယ်ရေးရာကဏ္ဍ

အားကစားနှင့်လူငယ်ရေးရာကဏ္ဍနှင့်ပတ်သက်၍ **အားကစားသည် နိုင်ငံတော်ကို ချစ်သည့်စိတ်နှင့် စည်းလုံးညီညွတ်မှုကိုဖြစ်ပေါ်စေပြီး အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ခြင်းပင်ဖြစ်**ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို မြို့ကြီးများတွင်သာမက လုပ်ဆောင်၍ရနိုင်သည့်နေရာများ၌ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး၌ မီတာ ၄၀၀ ပြေးလမ်းနှင့် အထူးတန်းပွဲကြည့်စင်ပါရှိသည့် အားကစားကွင်းရှိရမည်ဖြစ်ကြောင်း၊ Indoor Game အားကစားများဆောင်ရွက်နိုင်သည့် မိုးလုံလေလုံအားကစားရုံနှင့် ရေကူးကန်များလည်း ရှိရမည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများကျင်းပပြုလုပ်ရာတွင် အဆင့်မီသည့်ပြိုင်ပွဲများဖြစ်ရန်လိုသကဲ့သို့ အားကစားသမားများသည် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားကြရန်လိုကြောင်း၊ အားကစားမြှင့်တင်ရာတွင် အခြေခံအဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရမည်ဖြစ်သကဲ့သို့ အရည်အချင်းပြည့်ဝသည့် နည်းပြများကိုလည်း စနစ်တကျဖြင့် ခန့်အပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားသမားများ ရွေးချယ်ရာ၌လည်း စနစ်တကျဖြင့် စိစစ်ရွေးချယ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များကို အခြေခံပညာကျောင်းများကတည်းကပင် စနစ်တကျ စိစစ်မွေးထုတ်သွားရန် လိုကြောင်း၊ **လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြမည်ဖြစ်သဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းပြီး စာပေပညာ၊ အတတ်ပညာ ပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးခြင်းသည် တိုင်းပြည်၏ အနာဂတ်ကို တည်ဆောက်နေခြင်းပင်ဖြစ်**ကြောင်း။

### ငလျင်သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် သင်ခန်းစာယူ ဆောင်ရွက်သွားကြရန်

မတ် ၂၈ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် သင်ခန်းစာရရှိခဲ့ပြီးဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့ရမှုများနှင့်ပတ်သက်၍ ဆုံးရှုံးမှုပမာဏအလိုက် တွက်ချက်၍ ထောက်ပံ့မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အမှန်တကယ် နစ်နာသူများထံသို့ ရောက်ရှိစေရေး တာဝန်ရှိသူများက ကြပ်ကြပ်မတ်မတ်ဖြင့် စိစစ်ထုတ်ပေးသွားရန်လိုကြောင်း၊ ပြည်ပနိုင်ငံများမှ လက်ခံရရှိသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကိုလည်း လိုအပ်နေသူများထံသို့ အမြန်ဆုံးရောက်ရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် ဆုံးရှုံးမှုတို့ကို သင်ခန်းစာယူ၍ နောင်တွင်အဆောက်အအုံများ ဆောက်လုပ်ရာ၌ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် အနာဂတ်ကို မြော်တွေး၍ တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်သွားရန် လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စိစစ်ပြီးမှသာ ခွင့်ပြုပေးသွားရန်လိုကြောင်း၊ လမ်း၊ တံတားများ တည်ဆောက်မှုနှင့်ပတ်သက်၍လည်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ အင်ဂျင်နီယာရှုထောင့်မှ ရှုမြင်၍ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျဖြင့် တည်ဆောက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကားလမ်းများ လမ်းဘေးဝဲယာ၌ စိမ်းလန်းစိုပြည်မှုရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူဖြစ်စေရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို သတ်မှတ်အကွာအဝေးများအလိုက်၊ အပင်အတန်းအခြားအလိုက် စိုက်ပျိုးသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊

**စာမျက်နှာ ၄ သို့** ☆

> ☆ **ဆိုလာ ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပြီး ဆိုလာများသည် အနာဂတ်တွင် လိုအပ်ချက် ကြီးမားလာနိုင်**
>
> ☆ **တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း Small Scale ဆိုလာစက်ရုံများကို ဆောင်ရွက်သင့်**
>
> ☆ **ပြည့်ဖြိုးမြဲ စွမ်းအင်နှင့်ပတ်သက်၍ မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည်ဟူသည့် မူဝါဒကို ချမှတ်ဆောင်ရွက်သွားရန်လို**

> ☆ **အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး(Public Transportation)များကို ပိုမိုအားပေးဆောင်ရွက်ပြီး အသုံးပြုမှု များပြားလာမည်ဆိုပါက နှစ်စဉ် ပြည်ပမှ လောင်စာဆီ တင်သွင်းနေရမှုများကို လျှော့ချနိုင်မည်**
>
> ☆ **ပို့ဆောင်ရေးနှင့်ပတ်သက်၍လည်း လျှပ်စစ်စွမ်းအင်သုံး ပို့ဆောင်ရေးစနစ်သို့ သွားနိုင်ရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်**
>
> ☆ **မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သရွေ့ ဆောင်ရွက်သွားမည်ဖြစ်ပြီး မကြာမီကာလအတွင်း ဘက်ထရီစနစ်သုံး မီးရထားစက်ခေါင်းများလည်း ရောက်ရှိတော့မည်ဖြစ်ပြီး စတင်အသုံးပြုနိုင်တော့မည်**

- ☆ **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖြင့် ဆောင်ရွက်သွားရန်လို**
- ☆ **လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် အဓိကကျခြင်းကြောင့် ရွေးကောက်ပွဲဆောင်ရွက်၍ ရနိုင်သည့်နေရာများအားလုံး၌ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်သွားရန်လို**
- ☆ **ရွေးကောက်ပွဲကျင်းပပြီးစီးချိန်၌ အနိုင်ရရှိသည့်ပါတီအား အာဏာလွှဲပြောင်းပေးအပ်ချိန်၌ စနစ်တကျဖြင့် လွှဲပြောင်းပေးအပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လို**
- ☆ **မိမိတို့အနေဖြင့် နိုင်ငံ့အရေးကို ဆောင်ရွက်ခြင်းဖြစ်သဖြင့် မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်ချိန်မှစ၍ အာဏာရပါတီအား လွှဲပြောင်းချိန်အထိ ပြည်သူများအထင်အမြင်လွဲမှားမှုမရှိစေရေး မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ လက်အောက်ဝန်ထမ်းများအား စနစ်တကျ ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လို**

☆ **စာမျက်နှာ ၃ မှ**
ကားလမ်းဘေးများအပြင် ရထားလမ်းဘေးများ၌လည်း သတ်မှတ်ချက်များနှင့်အညီ သစ်ပင်များစိုက်ပျိုးသွားမည်ဆိုပါက ခရီးသွားပြည်သူများအတွက် မျက်စိပသာဒဖြစ်စေနိုင်မည့်အပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။ ထို့နောက် လမ်းမကြီးများကို စံချိန်စံညွှန်းများနှင့်အညီ ဖောက်လုပ်ရေး၊ စနစ်တကျတွက်ချက်၍ အရိပ်ရပင်များစိုက်ပျိုးရေးအတွက် စံပြုပုံစံ Video Clip ကို ပြသသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြရာတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက နိုင်ငံတော်အနေဖြင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် အကြမ်းဖက်အဖျက်သမားများအနေဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်း လာရောက်အပ်နှံကြမည့် ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အထူးအလေးထားဆောင်ရွက်သွားကြရန် လိုအပ်မှု၊ ဘာသာ သာသနာ ညှိုးနွမ်းစေမည့်အပြုအမူများနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဆိုင်ရာများအပေါ် ထိခိုက်ပျက်စီးစေမည့် အပြုအမူများအပေါ် နိုင်ငံတော်အနေဖြင့် အရေးယူဆောင်ရွက်လျက်ရှိမှု၊ ယခုနှစ်ဆန်းပိုင်းကာလအတွင်း မူးယစ်ဆေးဝါးနှင့် လက်နက်၊ ခဲယမ်းများ ဖမ်းဆီးရမိမှုများရှိခဲ့ပြီး စစ်ဆေးရေးဂိတ်များအနေဖြင့် စစ်ဆေးမှုများကို စနစ်တကျဆက်လက်ဆောင်ရွက်သွားရန်နှင့် ယာဉ်ကြော ပိတ်ဆို့မှုနှင့် ကုန်စည်စီးဆင်းမှုများကိုလည်း ထိခိုက်မှုမရှိအောင် ဆောင်ရွက်သွားရန် လိုအပ်မှုနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ယခုနှစ်လကုန်ပိုင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ရွေးကောက်ပွဲအောင်မြင်မှုရှိစေရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားရှိရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် အဓိကကျခြင်းကြောင့် ရွေးကောက်ပွဲဆောင်ရွက်၍ရနိုင်သည့်နေရာများအားလုံး၌ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ရွေးကောက်ပွဲကျင်းပပြီးစီးချိန်၌ အနိုင်ရရှိသည့်ပါတီအား အာဏာလွှဲပြောင်းပေးအပ်ချိန်၌ စနစ်တကျဖြင့် လွှဲပြောင်းပေးအပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားရှိရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့အရေးကို ဆောင်ရွက်ခြင်းဖြစ်သဖြင့် မိမိတို့အစိုးရအဖွဲ့တာဝန်ယူဆောင်ရွက်ချိန်မှစ၍ အာဏာရပါတီအား လွှဲပြောင်းချိန်အထိ ပြည်သူများအထင်အမြင်လွဲမှားမှုမရှိစေရေး မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ လက်အောက်ဝန်ထမ်းများအား စနစ်တကျ ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ခေတ္တနေရပ်စွန့်ခွာနေရသူများအနေဖြင့်လည်း တည်ငြိမ်အေးချမ်းသည့်အချိန်တွင် မိမိတို့နေရပ်သို့ ပြန်လည်နေထိုင်နိုင်ရေး တာဝန်ရှိသူများအနေဖြင့်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ အရှေ့ဘက် နယ်စပ်ဒေသတွင် ဖြစ်ပေါ်ခဲ့သည့် တရားမဝင် လောင်းကစားမှုများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုများ၊ တရားမဝင် လူကုန်ကူးမှုများနှင့် အကြမ်းဖက်မှုများကိုလည်း မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ တရားမဝင်လုပ်ငန်းများနှင့် အကြမ်းဖက်မှုများမှ ဖမ်းဆီးရမိသည့် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံစုံမှ ဖမ်းဆီးရမိသူများကိုလည်း ပြန်လည် လွှဲပြောင်းပေးလျက်ရှိကြောင်း၊ နယ်မြေဒေသအလိုက် အဆိုပါ တရားမဝင်လုပ်ငန်းများ လုပ်ဆောင်မှုမရှိစေရေး သတင်းရရှိပါက အချိန်နှင့်တစ်ပြေးညီ အရေးယူဆောင်ရွက်သွားရန်လိုကြောင်း။

စီးပွားရေးဆိုင်ရာများနှင့် ပတ်သက်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေသည့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေးအတွက်လည်း ဒေသအလိုက် ဖိဖိစီးစီးကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ မှန်ကန်သည့် သတင်းပေးတိုင်ကြားမှုများရရှိစေရေး နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့တရားမဝင်ကုန်သွယ်မှုများအား သတင်းပေးတိုင်ကြားမှုများကြောင့် ယနေ့အထိ အမှုတွဲပေါင်း ၄၀၀၀ ကျော် ဖမ်းဆီးရမိခဲ့ပြီး သတင်းပေးတိုင်ကြားသည့်တာဝန်သိပြည်သူများကိုလည်း ထိုက်တန်သည့် ချီးမြှင့်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရေး၊ ပြည်တွင်း ကုန်ထုတ်လုပ်ငန်းများ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ စိုက်ပျိုးရေးစွမ်းအား၊ ကုန်ထုတ်စွမ်းအားနှင့် ကုန်သွယ်မှုကူသန်းရောင်းဝယ်မှုများ တိုးတက်ကောင်းမွန်စေရေး၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ဟန်ချက်ညီညီဖြင့် ဆက်လက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုနိုင်သည့် အင်အားများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများဖြစ်ကြောင်း၊ ယနေ့အချိန်အထိ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် MSME လုပ်ငန်းပေါင်း ရှစ်သောင်းကျော်ရှိပြီး ၄၃၀၀ ကျော်အား SME Member ကတ်များ ထုတ်ပေးပြီးဖြစ်ကြောင်း၊ အဆိုပါ MSME လုပ်ငန်းများတွင် လုပ်သားဦးရေ ၄၆၄၀၀၀ ကျော် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးလျောင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ရှမ်းပြည်နယ်တို့၌ MSME လုပ်ငန်းများ ထိခိုက်မှုရှိခဲ့ကြောင်း၊ အဆိုပါထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် MSME လုပ်ငန်းများပြန်လည် လည်ပတ်နိုင်ရေးမိမိတို့အနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

မကြာမီကာလအတွင်း ကျောင်းဖွင့်ရာသီသို့ ရောက်ရှိတော့မည်ဖြစ်ပြီး အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ မေလ ၂၂ ရက်နေ့မှ စတင်၍ ကျောင်းအပ်နှံရေး ရက်သတ္တပတ်စတင်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက်ရှိကျောင်းသား ကျောင်းသူများအားလုံး ကျောင်းတက်ရောက်၍ ပညာသင်ကြားနိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကြာမီ မိုးရာသီသို့ ရောက်ရှိတော့မည်ဖြစ်ပြီး ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုများ အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားကြရန် လိုကြောင်း၊ အလားတူ မိုးရာသီသစ်ပင်စိုက်ပျိုးမှုများကိုလည်း တစ်ပင်စိုက် တစ်ပင်ရှင် စနစ်ဖြင့် ရှင်သန်ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲပြီးဆုံးချိန်တွင် အနိုင်ရသည့်ပါတီအား မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကိုပြန်လည်အပ်နှင်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရတာဝန်ထမ်းဆောင်ခဲ့သည့်အချိန်မှစ၍ တာဝန်များ ပြန်လည်လွှဲပြောင်းပေးသည်အထိ ဆောင်ရွက်ခဲ့မှုမှတ်တမ်းများကို စနစ်တကျဖြင့် ပြုစုထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သမိုင်းမှတ်တမ်းများနှင့်ပတ်သက်ပါက ပြုစုခြင်း၊ ထိန်းသိမ်းခြင်းတို့တွင် အားနည်းမှုများရှိခဲ့သည်ကို သမိုင်းကြောင်း အချက်အလက်များအရ တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် လုပ်ဆောင်ခဲ့သည်များ၊ ဆောင်ရွက်ခဲ့သည်များ၊ ပြောဆိုခဲ့သည်များကို စနစ်တကျဖြင့် မှတ်တမ်းပြုစု ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းရပ်များကို စနစ်တကျမှတ်တမ်း ပြုစုထားခြင်းဖြင့် လုပ်ဆောင်ရန်ကျန်ရှိသည်များကို ပြီးပြတ်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ Check ၊ Recheck ၊ Counter Check ဖြင့် ဆောင်ရွက်ပါက ကောင်းမွန်သည့်အရွေ့တစ်ခုကိုလည်း ရရှိစေနိုင်မည်ဖြစ်ကြောင်း။

ရှေ့ဆက်လက် ဆောင်ရွက်ရန်လိုအပ်သည်များကို မှာကြားနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်ပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့၏တင်ပြချက်များသည် အချက်အလက်များ မှန်ကန်မှုရှိရန်နှင့် မြေပြင်အချက်အလက်များနှင့် ကိုက်ညီမှုရှိရန်လိုကြောင်း၊ အချက်အလက်များ မှန်ကန်မှုရှိမှသာလျှင် နောင်တွင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များအတွက် မှန်ကန်သည့်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေးအတွက် လိုအပ်သည့် သွင်းအားစုများကို မှန်မှန်ကန်ကန် ဖြည့်သွင်းပေးနိုင်ရန်လိုအပ်မည်ဖြစ်ပြီး စိုက်နည်းစနစ်များလည်း မှန်ကန်မှုရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများစွာရှိကြောင်း၊ ဥပမာအားဖြင့် ကမ္ဘာ့စတုတ္ထ စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်ကြောင်း၊ ဘရာဇီးလ်နိုင်ငံသည် ပဲပုပ်တင်ပို့မှုများပြားကြောင်း၊ ယင်းနိုင်ငံများ၏ လုပ်ဆောင်မှုများ၊ အောင်မြင်မှုများကို အတုယူ၍ ဆောင်ရွက်မည်ဆိုပါက မိမိတို့အနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အမှန်တကယ် အလုပ်မလုပ်၍သာ အောင်မြင်မှုမရရှိခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် Agro-Base Industry ကို သွားနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ပြီး ဥပမာအားဖြင့် ဝါစိုက်ပျိုးမှုကို အောင်မြင်အောင်ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း၊ ဝါမှချည်ထည်၊ ၎င်းမှ ပိတ်စအထည်အလိပ်လုပ်ငန်းစဉ်တစ်ခုလုံး ဆောင်ရွက်၍ရကြောင်း။

အလားတူ ဝါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ ဝါးပျော့ဖတ်ထုတ်လုပ်ခြင်းမှစ၍ ဝါးကြိတ်သားဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ကုန်များစသည်ဖြင့် များစွာပြုလုပ်၍ ရနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါးအရင်းအမြစ်များစွာရှိပြီးဖြစ်သဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ရှိ မြို့ကြီးများကို Green City၊ Clean City ၊ Smart City ဖြစ်စေရေးအတွက်လည်း ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ မိုးရာသီကာလသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများပြုလုပ်၍ ဆောင်ရွက်ကြရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့တာဝန်ယူထားသည့် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီး ဦးမြင့်စိုး ကျည်တောင်-သာယာဝှမ်း တံတားနှင့် ယာယီဝန်ထမ်းအိမ်ရာများ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်သို့ သွားရောက်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့က တည်ဆောက်နေသော ကျည်တောင်-သာယာဝှမ်း၊ Beam သံကူကွန်ကရစ်တံတား ပေ ၅၅၀ ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက သတ်မှတ်အရည်အသွေး ပြည့်ဝစွာဖြင့် အချိန်မီပြီးစီးရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထိုမှတစ်ဆင့် ပျဉ်းမနားမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြောက်လွှတ်ကုန်း၌ နှစ်ခန်းတွဲ အရာထမ်းအိမ်ရာ ငါးလုံး တည်ဆောက်နေမှု၊ ယန္တရားဝင်းအတွင်း ခြောက်ခန်းတွဲ နှစ်လုံး တည်ဆောက်ပြီးစီးမှုနှင့် ပစ္စည်းသိုလှောင်ရုံများ၌ အမှုထမ်းများအတွက် အခန်း ၄၈ ခန်း ဖွဲ့စည်းနေရာချထားမှု၊ ထမင်းဟင်းချက်ပြုတ်ရန် စီစဉ်ပေးထားမှု၊ သောက်သုံးရေ သွယ်တန်းပေးထားမှုနှင့် ရှစ်ခန်းတွဲ တည်ဆောက်ပေးထားသည့် သန့်စင်ခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ မေလတတိယပတ်အတွင်း လုပ်ငန်းများ အပြီးဆောင်ရွက်၍ ဝန်ထမ်းမိသားစုများကို စနစ်တကျ နေရာချထားရေး၊ မိုးတွင်းကာလ ရေမဝပ်စေရေးနှင့် အမိုးအကာများ လုံခြုံမှုရှိစေရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းရုံးမြေနေရာ၌ ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေး လေးခန်းတွဲ အရာထမ်းအိမ်ရာ ရှစ်လုံး တည်ဆောက်နေရာချထားမှု၊ Prefabricated Modular House များ နေရာချထားမှု၊ ပတ်လမ်းဆောင်ရွက်နေမှုနှင့် ရေချိုးခန်း၊ သန့်စင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်သို့ သွားရောက်၍ Fabricated Modular House များ တည်ဆောက်နေရာချထားမှုကို ကြည့်ရှုစစ်ဆေးကာ ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျဖြစ်စေရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဝန်ကြီးဌာနပိုင် မြေနေရာ၌ ဝန်ကြီးရုံး သမဝါယမဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေး ဘာရှာလိုင်းခန်းများ တည်ဆောက်နေရာချထားမှု၊ Fabricated Modular House များ နေရာချထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျဖြစ်စေရေး၊ ဝန်ထမ်းများ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန် ) ဦးဗိုလ်ဌေးသည် ယမန်နေ့ ညနေပိုင်းက တိုက်ကြီးမြို့နယ် ဥတို စိုက်ပျိုးမွေးမြူရေး စခန်းသို့ သွားရောက်၍ Supreme Development Company Limited က လုပ်ပိုင်ခွင့်ရရှိထားသော မြေဧရိယာပေါ်၌ မိုးစပါးစိုက်ပျိုးရန် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဥတိုစိုက်ပျိုးမွေးမြူရေးစခန်းရှိ ဦးခင်ရွှေ၏ CP ကြက်အကောင် ၃၀၀၀ မွေးမြူထားရှိမှု၊ ဦးကျော်ဝင်း၏ မွေးမြူရေးခြံ၌ ဥစားကြက်၂၅၀၀ နှင့် ဒံပေါက်ကြက် ၅၀၀၀ မွေးမြူထားရှိမှု၊ ငါးကန်များအတွင်းမှ ငါးများဖော်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ဥတိုစိုက်ပျိုးမွေးမြူရေးစခန်းတွင် အသားတိုးကြက်မွေးမြူရေးခြံ ၇၇ ခြံ၊ ဥစားကြက် နှစ်ခြံ၊ ငါးမွေးမြူရေးကန် ၆၇ ကန်ရှိကြောင်း သိရသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ရွှေဝါထွန်းခန်းမ အဝင်တံတားအမှတ်(၁) အရှည်ပေ ၆၀၊ အကျယ် ၂၄ ပေဖြင့် ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။

ညပိုင်းတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းအား အရှည်ပေ ၄၇၀၀၊ အကျယ် ၄၈ ပေ၊ ဒု နှစ်လက်မရှိ ကတ္တရာကွန်ကရစ် ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

ကျိုင်းတုံ မေ ၂၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စုရှိ မိုင်းဇင်းလယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူများ စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ဧက ၅၀ အား ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး၊ လိုအပ်သောသွင်းအားစုများ ရရှိစေရေးတို့ကို သက်ဆိုင်ရာမြို့နယ် သမဝါယမအသင်းစုများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက ကျိုင်းတုံမြို့နယ် သမဝါယမအသင်းစုမှ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ငါးမွေးကန်လုပ်ငန်းအား ကွင်းဆင်းကြည့်ရှု၍ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်အဖွဲ့များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ ထို့နောက် ကျိုင်းတုံမြို့နယ် သမဝါယမဦးစီးဌာနတွင် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး သမဝါယမနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး/လုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်ကြရန် ပြောကြားသည်။

**သတင်းစဉ်**

### မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၂၀

မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

ကြေးမုံ မေ ၂၁၊ ၂၀၂၅

# ဆက်စပ်ဆင်ခြင် ယုတ္တိရှိမရှိ စဉ်းစားပါ

စွမ်းပြည့်

**မြန်မာပြည်ကို ဖျက်ဆီးနေတဲ့ NUG , PDF နဲ့ EAO အချို့ အခြေပြုရာစခန်းတွေကို တပ်မတော် (ကြည်း၊ ရေ၊ လေ) က အထူးသဖြင့် လေကြောင်းက ခပ်စိပ်စိပ်လေး ဖိအားပေးတိုက်ခိုက်မှုတွေ ပြုလုပ်လာတာနဲ့အမျှ ယခုလို အကြမ်းဖက်အားပေးတွေဘက်ကနေ နှပ်ကြောင်းပေး၊ မဟုတ်တမ်းတရားတွေရှိလာတော့မယ်ဆိုတာ မြင်ပြီးသားဖြစ်ပါတယ်။ ဒီလိုအကြောင်းအရာတွေက မြန်မာ့နိုင်ငံရေးမှာ မဆန်းတော့ပါဘူး။**

သောင်းကျန်းသူတွေက သူတို့အထိနာလာရင် ဒီလိုပဲ ပြောတတ်၊ ထွက်တတ်၊ ကလိမ်စေ့ငြမ်းဆင် ပြုတတ်တယ်။ အမှန်တရားကဘာလဲ မသိရသေး၊ မုသားစကားက ကမ္ဘာပတ်ပြီးဖြစ်လောက်အောင် ပြည်တွင်းပြည်ပ စည်းဝါးကိုက်ပြီးသား၊ ဒါက အဖျက်သမားတွေ အကျွမ်းကျင်ဆုံးအလုပ်။ ဘယ်လိုဖြစ်ဖြစ်ပါ၊ အပြစ်မဲ့ လူမမည်ကျောင်းသားလေးတွေကတော့ ပြည်ဖျက်သမား လူလိမ်တစ်စုရဲ့ အကြင်နာကင်းမဲ့တဲ့ အပြုအမူဆိုးအောက်မှာ သူတို့ရဲ့ အသက်တွေ စတေးသွားခဲ့ရပါပြီ။

### လူတံတိုင်းကာ မျက်ရည်ခံထိုးရအောင်

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အိုးထိန်းကွင်းရွာ ဖြစ်စဉ်ပေါ့။ စာသင်နေတဲ့ကျောင်းကို တပ်မတော်(လေ) က ဗုံးကြဲချလိုက်လို့ ကျောင်းသားတွေ သေဆုံးရတယ်ဆိုတဲ့ဖြစ်စဉ်၊ Logically သဘာဝကျမကျ၊ ယုတ္တိတန်မတန် စဉ်းစားမလား၊ Critically ဆန်းစစ်နိုင်းချိန်ပြီးမှ စဉ်းစားမလား၊ ဘယ်လိုစဉ်းစားစဉ်းစား ဘယ်လိုမှကို မဖြစ်နိုင်ပါ။ ဇွတ်မိုတ်ငြင်းနေခြင်းမဟုတ်။ မြန်မာ့တပ်မတော် ဖြစ်နေလို့ပါ။ စည်းနဲ့ကမ်းနဲ့ ဖွဲ့စည်းထားတဲ့တပ်မတော်ဖြစ်ပြီး နိုင်ငံတကာအဆင့် အမြဲတမ်းတပ်မတော်လည်းဖြစ်တယ်၊ ပြည်သူ့အတွက်ပဲ အမြဲအာရုံစိုက်နေရတဲ့၊ ပြည်သူကို အကာအကွယ်ပေးနေရတဲ့ တပ်မတော်ဖြစ်ပါတယ်။ ပြည်သူကို ထိမှာစိုးလို့၊ ကြားညှပ်တဲ့ ပြည်သူခံရမှာစိုးလို့ အမြဲဆင်ဆင်ခြင်ခြင် ကိုင်တွယ်နေရတဲ့ တပ်မတော်မို့ ယနေ့ကာလ အဖျက်သမားကို ရင်ဆိုင်တိုက်ခိုက်ရာမှာ အခက်အခဲဆုံးအခြေအနေများစွာကို ရင်ဆိုင်ရပြီး အချို့နေရာတွေမှာ ထိရောက်သင့်သလောက် မထိရောက်နိုင်တာမျိုးတွေလည်း ကြုံကြရတယ်။



ဒီပဲယင်းမြို့နယ် အိုးထိန်းကွင်းကျေးရွာ စာသင်ကျောင်း၌ မေ ၁၂ ရက်က PDF အမည်ခံ အကြမ်းဖက်သမားများ၏ လက်လုပ်မိုင်းများပေါက်ကွဲမှုကြောင့် စာသင်ကျောင်းအဆောက်အအုံပျက်စီးမှုကို တွေ့ရစဉ်။

ကျောင်းသားတွေရှိတဲ့နေရာ၊ ဘာသာတရားယဉ်ကျေးမှုအမွေအနှစ်တွေထွန်းကားရာ ဘုရားစေတီ၊ ဘုန်းကြီးကျောင်းတွေရှိရာ နေရာတွေဆို ပိုသတိထားရတယ်။ ဒါကြောင့်လည်း အဖျက်သမားတွေဟာ ယုတ်မာပက်စက်စွာနဲ့ ကျောင်း၊ ဘုရားစေတီ၊ ဘုန်းကြီးကျောင်းတွေမှာပဲ စခန်းချတယ်။ ကျောင်းသားအရွယ် လူမမည်ကလေးတွေကို သေနတ်ကိုင်ခိုင်းတယ်။ လူသတ်နိုင်အောင် လက်နက်ငယ်ပစ်ခတ်နည်း၊ ဗုံးလုပ်နည်းတွေ သင်ပေးတယ်။

ဒီလိုအချက်အလက်တွေအတွက် ဓာတ်ပုံအထောက်အထားများစွာ ရှိပါတယ်။ တစ်နည်းအားဖြင့် လူသားတံတိုင်းကာပြီး လူတွေကို မသေသေအောင်လုပ်ခြင်းဖြင့် မျက်ရည်ခံ၊ မျောက်ပြဆန်တောင်းခြင်းသာ ဖြစ်တယ်။ ဒီလိုနေရာတွေကို တပ်မတော်က တော်ရုံမလုပ်တဲ့အတွက် သူတို့အတွက်လည်း အန္တရာယ်ကလွတ်ကင်းသလို တပ်မတော်က တိုက်ခိုက်ခဲ့လို့ ထိခိုက်မှုတွေရှိရင်လည်း ပြည်သူတွေကို မညှာမတာတိုက်ခိုက်နေကြောင်း နိုင်ငံတကာကိုပါ သတင်းလွှင့်ဖန်တီး၊ လိမ်ညာလို့ရအောင် ထောင်ချောက်ဆင်လေ့ရှိကြတယ်။ ဒါကြောင့်လည်း တပ်မတော်က ပြည်သူတွေကို အဖျက်သမားတွေရဲ့ အဝေးမှာနေဖို့၊ သူတို့အနားမှာမနေကြဖို့ အကြိမ်ကြိမ် ဆော်ဩနေရတာဖြစ်တယ်။

### ဓာတ်လမ်းများထဲက ဓာတ်လမ်းတစ်ခုမျှသာ

တကယ်တော့ အခုအလိမ်အညာဓာတ်လမ်းက ရမယ်အထင်နဲ့ NUG, PDF ကိုယ်တိုင် တမင်ထွင်ခဲ့တဲ့ ဓာတ်လမ်းတွေထဲက တစ်ခုပါပဲ။ အဖြစ်မှန်ကို ပြောပြခဲ့တဲ့ သတ်ချင်သတ်ပါစေဆိုပြီး ဖြစ်စဉ်ဝန်းကျင်မှာရှိခဲ့တဲ့ ယခင် NUG ကို ထောက်ခံခဲ့တဲ့ မျက်မြင်ရွာသားကိုယ်တိုင် ပြောပြခဲ့တာရှိတယ်။ သူ့ပြောပြချက်အရဆိုရင် ဖြစ်ခဲ့တဲ့ကျောင်းမှာ PDF တွေ စခန်းချတာကြာပါပြီ။ ကျောင်းက ဒရုန်းဗုံးသီးတွေ ထုတ်လုပ်တဲ့နေရာ ဖြစ်နေတယ်။

အဲဒီနေ့က ကျောင်းမှာ ဓာတ်ပုံရိုက်ဖို့ရှိတယ်ဆိုပြီး ကျောင်းသားနဲ့မိဘတွေကို ခေါ်ထားတယ်။ ဗုံးသီးလုပ်တဲ့နေရာဆိုတော့ မိဘတွေက သူတို့ကလေးတွေကို ဘယ်လွှတ်ချင်ပါ့မလဲ၊ ဒါပေမဲ့ ကလေးနဲ့ ကလေးမိဘတွေ ကံမကောင်းခဲ့ပါဘူး။ ဗုံးသီးတွေထကွဲ၊ ဝုန်းခနဲ အသံကျယ်ကြီးနဲ့အတူ ကလေးငယ် ၂၀၊ ဆရာ ဆရာမ နှစ်ဦး ပေါင်း ၂၂ ဦး ထိခိုက်သေကျေပျက်စီးကြရပါတော့တယ်။ အဖြစ်မှန်က ထိုရွာသားရဲ့ပြောပြချက်အရ “**စကာစကလေးယာဉ်နဲ့ ဗုံးကြဲတာမဟုတ်ကြောင်း၊ လက်လုပ်မိုင်းနဲ့ ဗုံးသီးလုပ်နေတဲ့ PDF တွေရဲ့ ပေါ့ဆမှုကြောင့် ဗုံးသီးများ ပေါက်ကွဲရခြင်းဖြစ်ကြောင်း၊ လေယာဉ်ဗုံးကြောင့်ဆိုရင် ထိခိုက်သူတွေအနေနဲ့ စုတ်ပြတ်ပျက်စီးသွားမည်ဖြစ်ကြောင်း၊ ကျောင်းအနေနဲ့လည်း ယခုထက် ပိုထိခိုက်မှာဖြစ်ကြောင်း၊ PDF တွေကြောင့်ဆိုတာ တစ်ရွာလုံးသိကြောင်း၊ လာရောက်စုံစမ်းနိုင်ပါကြောင်း၊ PDF များက ပြောတဲ့သူကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားလို့ မည်သူမျှ မပြောရဲကြောင်း**” စသည်ဖြင့် ဖွင့်ဟပြောကြားခဲ့တာ တွေ့ရပါတယ်။

### ယုတ္တိတန်မတန် ဆက်စပ်ချင့်ချိန်

ဘာကြောင့်၊ ဘယ်လိုသဘောတရားတွေအပေါ် အခြေခံပြီး

စာမျက်နှာ ၇ သို့ ◆

**❛ နောက်တစ်ချက်က သူတို့ပြောနေတဲ့ မြန်မာ့တပ်မတော် လေတပ်သုံး ပေါင် ၅၀၀၊ ပေါင် ၁၀၀၀ တွေက အင်မတန်ပြင်းထန်တဲ့ ဗုံးတွေပါ။ တကယ်တမ်းသာ ကြဲခဲ့တယ်မှန်ရင် ယခုလို သစ်သားစာသင်ကျောင်းဟာ လုံးဝပြိုကျပျက်စီးသွားမှာ အမှန်ပါ။ မြေပြင်မှတ်တမ်းတွေအရ ယခုတော့ အဆောက်အအုံနံရံတွေ ပြိုကျခြင်းမရှိ၊ မျက်နှာကြက်ကွာကျ၊ သွပ်ပြားပြုတ်ထွက်တာလောက်သာတွေ့ရပြီး အကြီးအကျယ်မပျက်စီး၊ ပေါက်ကွဲမှုကြောင့် မီးသွေးတုံးဖြစ်သွားမယ့်ဟိုတစ်စ၊ ဒီတစ်စ DB တွေလည်း မတွေ့ရ၊ ချိုင့်ခွက်ရာပင်မတွေ့၊ အခြားပရိဘောဂတွေ ပျက်စီးခြင်းလည်းမရှိ။ နောက် NUG တို့ပြောသလို ဗုံးကြောင့်ဖြစ်တဲ့ မြေကျင်းကြီးတွေ မတွေ့ရပြန်တော့ ကြဲချတဲ့ဗုံးတွေဟာ မူလပြောသလို ပေါင် ၅၀၀/ ၁၀၀၀ တွေ မဟုတ်တော့ပြန်၊ ကလပ်စတာဗုံးတွေလို့ ဇလောင်း ဇလဲဖြစ်ပြန်တယ်။ ❜**

◆ စာမျက်နှာ ၆ မှ

NUG , PDF နဲ့ သူတို့ထောက်ခံသူတွေရဲ့ စွပ်စွဲချက်တွေက မမှန်ကန်၊ မှားနေတယ်လို့ ပြောနိုင်ရပါသလဲ။ နိုင်ငံတော်အစိုးရရဲ့ တရားဝင်ငြင်းဆိုချက်ကကော ဘာကြောင့်အခြေအမြစ်ရှိပြီး ခိုင်လုံမှုရှိသလဲ၊ သူတို့ရဲ့ တစ်ဖက်သတ်စွပ်စွဲချက် အချက်အလက်တွေက တိကျသေချာမှုမရှိ ဘယ်လောက်မှားယွင်းနေသလဲ၊ နှိုင်းချင့်ဆက်စပ်စဉ်းစားကြည့်ရအောင်ပါ.....။ အမှန်မှာ ယခု ဖြစ်စဉ်ကာလက ကျောင်းဖွင့်ချိန်မဟုတ်၊ အလွန်ပူပြင်းလှတဲ့ နွေရာသီကျောင်းပိတ်ချိန်ကာလမှာ ဘာကြောင့် ကျောင်းဖွင့်နေရပါသလဲ။ ဒါပေမဲ့ သူတို့ NUG အစိုးရမို့ ဖွင့်ချင်တဲ့အချိန် ဖွင့်ရအောင်ဆိုရင်လည်း ပညာရေးကိုအားမပေးတဲ့ NUG ရဲ့ ညွှန်ကြားချက်ကို ဒီလိုအချိန်၊ ဒီလိုအခြေအနေမျိုးကျမှ ဖွင့်တယ်ဆိုတာက ယုံချင်စရာဘယ်လိုရှိနိုင်ပါ့မလဲ။ ပညာရေးကိုအားမပေးဘူးလို့ ပြောရတဲ့အကြောင်းရင်းက NUG ဟာ စာသင်တဲ့ ဆရာ ဆရာမတွေကို သတ်ဖြတ်ခဲ့တဲ့၊ စာသင်ကျောင်းတွေကို ဖျက်ဆီးခဲ့တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကြောင့်ပါပဲ။

နောက်တစ်ချက်က သူတို့ပြောနေတဲ့ မြန်မာ့တပ်မတော်လေတပ်သုံး ပေါင် ၅၀၀၊ ပေါင် ၁၀၀၀ တွေက အင်မတန် ပြင်းထန်တဲ့ဗုံးတွေပါ။ တကယ်တမ်းသာ ကြဲခဲ့တယ်မှန်ရင် ယခုလို သစ်သားစာသင်ကျောင်းဟာ လုံးဝပြိုကျပျက်စီးသွားမှာ အမှန်ပါ။ မြေပြင်မှတ်တမ်းတွေအရ ယခုတော့ အဆောက်အအုံနံရံတွေ ပြိုကျခြင်းမရှိ၊ မျက်နှာကြက်ကွာကျ၊ သွပ်ပြားပြုတ်ထွက်တာလောက်သာတွေ့ရပြီး အကြီးအကျယ်မပျက်စီး၊ ပေါက်ကွဲမှုကြောင့် မီးသွေးတုံးဖြစ်သွားမယ့် ဟိုတစ်စ၊ ဒီတစ်စ DB တွေလည်း မတွေ့ရ၊ ချိုင့်ခွက်ရာပင်မတွေ့၊ အခြားပရိဘောဂတွေ ပျက်စီးခြင်းလည်းမရှိ။ နောက် NUG တို့ပြောသလို ဗုံးကြောင့်ဖြစ်တဲ့ မြေကျင်းကြီးတွေ မတွေ့ရပြန်တော့ ကြဲချတဲ့ဗုံးတွေဟာ မူလပြောသလို ပေါင် ၅၀၀/ ၁၀၀၀ တွေ မဟုတ်တော့ပြန်၊ ကလပ်စတာဗုံးတွေလို့ ဗလောင်း ဗလဲဖြစ်ပြန်တယ်။

ဖြစ်နိုင်ပါ့မလား။ ကျွမ်းကျင်သူတို့ရဲ့ အဆိုအရ ကလပ်စတာဗုံးဆိုတာက ပစ်မှတ်နဲ့ မထိခိုက်ခင်မှာ လေထဲမှာ မူလဗုံးမကြီးကနေ အပိုင်းပိုင်းကွဲထွက်ပြီး ခုနစ်ကေခန့်အထိ ဗုံးစဗုံးငယ်ပေါင်း ၂၀၀ လောက်အထိ ပျံ့နှံ့သွားနိုင်တယ်။ လူကို အကြီးအကျယ်အသက်အန္တရာယ် ထပ်ကာထပ်ကာပေးနိုင်တဲ့ ဗုံးအမျိုးအစားဖြစ်ပြီး ဒီလိုဗုံးမျိုးကြဲချခံရပြီးရင်တောင် ထပ်ကွဲနိုင်တဲ့အတွက် သတိထားရမယ့် အနေအထားဖြစ်ပါတယ်။ ကလပ်စတာဗုံးဆိုတာက ထိခိုက်သွားတဲ့မြေပြင်မှာ ချိုင့်ခွက်တစ်ခုတည်းမကဘဲ အများကြီးရှိနိုင်တယ်။ DB တွေမှာ အစအနများစွာရှိနိုင်တယ်။ အပျက်အစီးအပိုင်းအစများစွာ တွေ့ရနိုင်တယ်။ ဒါကြောင့်လည်း ကလပ်စတာဗုံးဆိုတာမျိုးက ဖြစ်နိုင်ပါ့မလား၊ အထောက်အထား မခိုင်လုံတဲ့အတွက် မဖြစ်နိုင်သလို ပေါင် ၅၀၀/ ၁၀၀၀ ဆိုတဲ့ ဗုံးကလည်း သူတို့ကိုယ်တိုင် မဟုတ်ကြောင်း ပြန်ငြင်းထားတာဆိုတော့ ...။

စာမျက်နှာ ၈ သို့ ◆



PDF အကြမ်းဖက်အဖွဲ့များက ရေစကြိုမြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ စာသင်ကျောင်းအတွင်း စခန်းချကာ ထုတ်လုပ်ထားသည့် လက်နက်/ခဲယမ်း၊ ဗုံးသီးများကို တွေ့ရစဉ်။

**❛ ဖြစ်နိုင်ပါ့မလား။ ကျွမ်းကျင်သူတို့ရဲ့ အဆိုအရ ကလပ်စတာဗုံးဆိုတာက ပစ်မှတ်နဲ့ မထိခိုက်ခင်မှာ လေထဲမှာ မူလဗုံးမကြီးကနေ အပိုင်းပိုင်းကွဲထွက်ပြီး ခုနစ်ကေခန့်အထိ ဗုံးစဗုံးငယ်ပေါင်း ၂၀၀ လောက်အထိ ပျံ့နှံ့သွားနိုင်တယ်။ လူကို အကြီးအကျယ် အသက်အန္တရာယ် ထပ်ကာထပ်ကာပေးနိုင်တဲ့ ဗုံးအမျိုးအစားဖြစ်ပြီး ဒီလိုဗုံးမျိုးကြဲချခံရပြီးရင်တောင် ထပ်ကွဲနိုင်တဲ့အတွက် သတိထားရမယ့် အနေအထားဖြစ်ပါတယ်။ ကလပ်စတာဗုံးဆိုတာက ထိခိုက်သွားတဲ့မြေပြင်မှာ ချိုင့်ခွက်တစ်ခုတည်း မကဘဲ အများကြီးရှိနိုင်တယ်။ DB တွေမှာ အစအနများစွာရှိနိုင်တယ်။ အပျက်အစီးအပိုင်းအစများစွာ တွေ့ရနိုင်တယ်။ ဒါကြောင့်လည်း ကလပ်စတာဗုံးဆိုတာမျိုးက ဖြစ်နိုင်ပါ့မလား၊ အထောက်အထား မခိုင်လုံတဲ့အတွက် မဖြစ်နိုင်သလို ပေါင် ၅၀၀/ ၁၀၀၀ ဆိုတဲ့ ဗုံးကလည်း သူတို့ကိုယ်တိုင်မဟုတ်ကြောင်း ပြန်ငြင်းထားတာဆိုတော့ ... ❜**



PDF အကြမ်းဖက်အဖွဲ့များက ချင်းပြည်နယ် ထန်တလန်မြို့ရှိ စာသင်ကျောင်းအတွင်း စစ်စခန်းချခဲ့မှုကိုတွေ့ရစဉ်။

◆ စာမျက်နှာ ၇ မှ

နောက်ထပ်ကွဲလွဲနေတဲ့အချက်တွေကို ဆက်စပ်ကြည့်ရအောင်ပါ။ ဗုံးကြဲခံရတဲ့ ကလေးတွေရဲ့ လွယ်အိတ်နဲ့ စာအုပ်တွေက ဗုံးဒဏ်ကြောင့် စုတ်ဖွာထွက်မသွား၊ ဘာကြောင့် အကောင်းပကတိအတိုင်း သပ်သပ်ရပ်ရပ်နဲ့ ရှိနေရပါသလဲ။ လိမ်ပုံညာနည်းတွေက မသပ်ရပ်လှ၊ သေချာမှုမရှိ၊ ဖြစ်ကတတ်ဆန်းရှိလှတယ်။ NUG က ပို့တဲ့ပုံတွေကို AI detector နဲ့ စစ်လိုက်တဲ့အခါ ရာနှုန်းပြည့်မှားယွင်းနေတာလည်း တွေ့ရပြန်တယ်။

ဒါကြောင့် ဒီတစ်ကြိမ်မှာ OHCHR လို၊ UNICEF Myanmar လို အဖွဲ့အစည်းတွေက အသံတိတ်နေတာဖြစ်မယ်။ သေဆုံးနေတဲ့ပုံတွေ ကြည့်လိုက်တော့ အချို့ပုံတွေဟာ မျက်လုံးပွင့်နေပုံ သတိပြုမိသလို၊ သေနေတဲ့ပုံမျိုးမဟုတ်ဘဲ နိုးနေသကဲ့သို့ပင် တွေ့နေရတယ်။ ရိုက်တဲ့၊ လွှင့်တဲ့ စာသားဓာတ်ပုံတွေဟာလည်း အကြိမ်ကြိမ်တည်းဖြတ်ထားပုံပါပဲ။ သူတို့က ဖြစ်စဉ်ကို ပြောတဲ့အခါ Live လွှင့်ပြီးပြောတယ်၊ ပြောတဲ့သူကိုလည်း ကြည့်ပါဦး၊ ဒေါ်ရတီအုန်းဆိုတဲ့ ၂၀၂၁ ခုနှစ်ကတည်းက CDM လုပ်ခဲ့တဲ့ ကလေးမြို့က စက်မှုလက်မှုလက်ထောက်ကထိကဟောင်းတစ်ယောက်၊ တစ်ခါတစ်ရံ သေနတ်ကိုင်တယ်၊ ရှေ့တန်းလိုက် စစ်တိုက်တယ်၊ ပရဟိတ လုပ်တတ်တယ်။ စစ်ကိုင်းနဲ့ ချင်းမှာ တပ်ကလေယာဉ်နဲ့ဗုံးကြဲတဲ့နေရာတိုင်းကို ချက်ချင်းသူရောက်တတ်ပြီး ငိုသံပါရုပ်တည်ကြီးနဲ့ မှတ်တမ်းဗီဒီယိုရိုက်တယ် ဝါဒဖြန့်တတ်တဲ့သူတစ်ယောက်ဆိုတော့....။

သုံးသပ်ချင်တာက မြန်မာ့နိုင်ငံအရေးမှာ တချို့ကိစ္စတွေက မရိုးရှင်းဘူး၊ တိုက်ဆိုင်မှုဆိုတာ ဘယ်သောအခါမှ မရှိနိုင်ဘူးဆိုတာပါပဲ။ ယခုတစ်လော နိုင်ငံအလယ်ပိုင်းနဲ့ တောင်ပိုင်းဒေသတွေမှာ NUG, PDF , EAOs တွေက ဘက်စုံတိုက်ကွက်ဖော်နေသလို အရှေ့မြောက်နဲ့မြောက်ပိုင်းမှာ အကြမ်းဖက်တွေအပေါ် တပ်မတော်ဘက်က စစ်ရေးအောင်မြင်မှုတွေကြောင့် အရေးနိမ့်နေတဲ့ဘက်ကို NUG က အထောက်အကူပြုပေးတဲ့ သဘောလည်းပါမယ်။ ဒီလိုအခြေအနေကြောင့် တပ်မတော်ကို တစ်ဖက်က ဖိအားပေးနေသလားလို့လည်း မြင်မိတယ်။ တဖြည်းဖြည်း စိတ်ဓာတ်ကျ အလင်းဝင်လာနေတဲ့ PDF တွေ စိတ်အားတက်ကြွလာအောင် စတဲ့အကြောင်းတရားတွေကနေ နိုင်ငံတကာကို မျက်ရည်ချူ၊ နိုင်ငံတကာဆီက ထောက်ပံ့တဲ့ ရန်ပုံငွေရအောင် လုပ်စားနေတာလို့ မြင်ပါတယ်။



PDF အကြမ်းဖက်အဖွဲ့များက ပင်လည်ဘူးမြို့ရှိ စာသင်ကျောင်းအတွင်း စခန်းချခဲ့မှုကို တွေ့ရစဉ်။

❛ သုံးသပ်ချင်တာက မြန်မာ့နိုင်ငံအရေးမှာ တချို့ကိစ္စတွေက မရိုးရှင်းဘူး၊ တိုက်ဆိုင်မှုဆိုတာ ဘယ်သောအခါမှ မရှိနိုင်ဘူး ဆိုတာပါပဲ။ ယခုတစ်လော နိုင်ငံအလယ်ပိုင်းနဲ့ တောင်ပိုင်းဒေသတွေမှာ NUG, PDF , EAOs တွေက ဘက်စုံတိုက်ကွက်ဖော်နေသလို အရှေ့မြောက်နဲ့မြောက်ပိုင်းမှာ အကြမ်းဖက်တွေအပေါ် တပ်မတော်ဘက်က စစ်ရေးအောင်မြင်မှုတွေကြောင့် အရေးနိမ့်နေတဲ့ဘက်ကို NUG က အထောက်အကူပြုပေးတဲ့ သဘောလည်းပါမယ်။ ဒီလိုအခြေအနေကြောင့် တပ်မတော်ကို တစ်ဖက်က ဖိအားပေးနေသလားလို့လည်း မြင်မိတယ်။ တဖြည်းဖြည်း စိတ်ဓာတ်ကျ အလင်းဝင်လာနေတဲ့ PDF တွေ စိတ်အားတက်ကြွလာအောင် စတဲ့အကြောင်းတရားတွေကနေ နိုင်ငံတကာကို မျက်ရည်ချူ၊ နိုင်ငံတကာဆီက ထောက်ပံ့တဲ့ ရန်ပုံငွေရအောင် လုပ်စားနေတာလို့ မြင်ပါတယ် ❜

အကြမ်းဖက်တွေက သူတို့ရှိတဲ့နေရာမှန်သမျှ လူသားတံတိုင်းလုပ်နေသရွေ့ တပ်မတော်ဘက်က ဘယ်လိုပဲ သတိထားရှောင်နိုင်အောင် အကြိမ်ကြိမ် သတိပေးနေပါစေ၊ သူတို့နဲ့ သူတို့အပေါင်းအပါတွေကတော့ သူတို့ကြောင့်ဖြစ်တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေမှာ ဒီလိုလုပ်ကြံဖန်တီးတာမျိုးတွေ၊ အလိမ်အညာဓာတ်လမ်းတွေကို ဖန်တီးနေဦးမှာပဲ။ အခု လုပ်ကြံဇာတ်လမ်းမှာ အဖျက်သမားတွေ သတိမထားမိတာက သူတို့အနေနဲ့ ယခုလို ရိုးရှင်းတဲ့အကွက်တွေကိုပဲ ထပ်ကာထပ်ကာ သုံးစွဲနေခြင်းမျိုးဖြစ်ပြီး ပြည်သူတွေရဲ့ သူတို့အပေါ် ယုံကြည်မှု၊ လက်ခံမှု လျော့ကျလာနေတာပဲဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ်ပါ၊ အကြမ်းဖက်သမားတွေနဲ့ သူတို့ကို ထောက်ခံသူတွေကို ပြောချင်တာက နောက်ထပ် ရင်နာစရာ ယခုလိုအဖြစ်မျိုးတွေ ထပ်မရှိရအောင် အတ္တတွေကို လျှော့ချကြပါ၊ အမှန်တကယ် သေဆုံးသွားသူတွေအတွက်လည်း တကယ့်အမှန်တရားကိုသာ ချပြပေးပါ၊ အကျိုးအပြစ်၊ အမှားအမှန်တွေးခေါ်ဆင်ခြင်ဉာဏ်လေးတွေလည်း ထားပေးကြပါ။ အမှားတန်ဖိုးတွေ၊ မှားယွင်းတဲ့မူဝါဒနဲ့ ပန်းတိုင်အမှား၊ လုပ်နည်းအမှား၊ ကျင့်ဝတ်အမှားတွေကို ရပ်တန်းကရပ်ကြပါလို့သာ တိုက်တွန်းလိုက်ရပါတော့တယ်။ ။


PanOrient News
May 21, 2025, 2:31 am-Tokyo
Please Select Your Language : Arabic | Japanese

Headlines
Politics
Diplomacy
Ecnomy-Finance
Business
Energy
Military
Sci-Tech
Environment
Culture
Op-Ed
Media Monitor
Official Statements
Sports
Other
Photo
Video

Military

Myanmar government refutes story of school bombing

Saturday, May 17, 2025

PanOrient News

YANGON: Myanmar's government has refuted stories that one of its aircraft bombed a school at O Htein Twin village school in Sagaing Region.

Media reports claim that 22 people – 20 children and two teachers – died in the alleged bombing, but the Myanmar government says this is fake news and the information reported is inconsistent and inaccurate.

Initially, the reports said that the school was hit with a bomb from a Myanmar fighter aircraft, but a retired military ordnance and explosives expert told PanOrient News that the standard airforce bombs weigh 500lbs or 1000lbs and would have obliterated the small wood-framed school building, most of which remains standing. No bomb crater was found at the site.

The National Unity Government then changed the story to say that the munition used was a cluster bomb that came in through the ceiling while a class was in session. The expert also doubt this possibility as a standard cluster bomb would break up in mid-air and send over 200 bomblets over a wide area of up to 7 acres.

Myanmar's government says members of the rebel People's Defense Force were teaching some of the local students how to make improvised explosive devices when an accident occurred.

They also point out that it is the summer holiday season for schools, so no normal classes were taking place. The government says media people in Mae Sot know what really happened there but are out to blame the Myanmar government.The purpose of false reports, say the government, is to try and stop the supply of jet fuel to Myanmar.

A photo of children's bags outside the "bombed out" school are said to be those of the victims, but they seem unusually clean for a supposed bombing.

One of the photos supplied by the National Unity Government was evaluated as 100 percent fake by an online AI image checker. Another of the photos supposedly of a dead boy shows him with his eyes open and his body turned, as if he is awake. The bags in another photo are said to belong to the children, so why haven't they been returned to the children or their parents. For bags that have reportedly been in a bomb attack, they are surprisingly clean and intact.
(Photos: Supplued)

© PanOrient News All Rights Reserved.

Videos
- Social Distance in a Rush
- Pope Francis, Abe Talk
- Kosovo Japan Summit
- A Hong Konger Seeks Independence
- Japan: Get Nukes

Photos
- "Free Palestine"
- Chomping Down on Bad Habits
- Halaween Girl, Egyptian Style
- Japan-USA Transportation Diplomacy
- Arab Japan Friendship Continues

Military
- Apr. 23: Myanmar says reports of military strikes are 'fake news'
- Apr. 19: Polisario's role in Syria highlights Japan past linking it to Al-Qaeda
- Jul. 01: Israel has 10 nuclear weapons, Japan report says
- Aug. 31: Japan, Israel agree to boost military strategic cooperation
- Jul. 01: Spain Praises Morocco Role in Combating Illegal Immigration Mafia

ဒီပဲယင်းမြို့နယ် အိုးထိန်းကွင်းကျေးရွာ ဖြစ်စဉ်မှန်နှင့်ပတ်သက်၍ Pan Orient News တွင် မေ ၁၇ ရက်က ဖော်ပြထားသည်ကိုတွေ့ရစဉ်။

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)

ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ရှိ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)**

---

ပညာရေးဝန်ကြီးဌာန

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်
## "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

**ကျောင်းအပ်နှံရေးသီတင်းပတ်** **၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့**

---

ပညာရေးဝန်ကြီးဌာန

"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

### မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများစွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

---



## မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ

**တောင်ကြီး မေ ၂၀**

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ပညာရေးဒီဂရီကောလိပ် အားကစားရုံအတွင်း၌ ကျင်းပသည်။

ဦးစွာ မြန်မာ့လက်ရွေးစင် မချစ်နိုဒီဆောင်းနှင့် အဖွဲ့က ဗိုဗီနမ်အားကစားနည်းဖြင့် သရုပ်ပြ ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ လူမှုရေးဦးတည်ချက်၏ တတိယအချက်ဖြစ်သည့် နိုင်ငံတော်၏ "ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဆိုပြီး ချမှတ်ထားရှိပါကြောင်း၊ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန်နှင့် ပြည့်စုံသည့်လူငယ်များ မွေးထုတ်ပေးရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ပါကြောင်း၊ လူငယ်ရေးရာ မူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် (၂၀၂၀ - ၂၀၂၄)ကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး လူငယ်ရေးရာမူဝါဒတွင် လူငယ်ဆိုင်ရာ အဓိကကဏ္ဍ (၁၆)ရပ်ပါရှိပါကြောင်း၊ လူမှုရေးဦးတည်ချက်၏ ဒုတိယအချက်ဖြစ်သည့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ကာအလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားရန်ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သင်တန်းသားသင်တန်းသူများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ လာရောက်ဟောပြောပို့ချပေးကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီးက ဗိုဗီနမ်အားကစား သရုပ်ပြအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ထားဝယ်ပညာရေးဒီဂရီကောလိပ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**ထားဝယ် မေ ၂၀**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ပညာရေးဒီဂရီကောလိပ် တိက္ခပညာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးပြောကြားပြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများ အကြောင်း၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအား ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်အကြောင်း သိကောင်းစရာများနှင့် မူးယစ်ဆေးဝါးအကြောင်းတို့အား အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်နိုင်နှင့် အမှတ်(၁၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့(ခွဲ) ရဲမှူး ထွန်းနိုင်အောင်တို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် လိုက်နာရမည့်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ လမ်းညွှန်လမ်းအမှတ်အသား၊ အချက်ပြများ၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် သိရှိလိုက်နာရမည့် အချက်များအား ရှင်းလင်းဆွေးနွေးဟောပြောသည်။

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ထားဝယ်ပညာရေးဒီဂရီကောလိပ်အတွက် အာဟာရဒါနအဖြစ် ကြက်ဥနှင့် စားသောက်ကုန်ကိုလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ငွေကျပ်ငါးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်) နှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) တို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိသော အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ

(က) Down Syndrome

(ခ) Autism

(ဂ) Attention Deficit Hyper Activity Disorder (ADHD)

(ဃ) Global Development Delay (GDD)

(င) အခြားဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ

(စ) ခြေလက်မပြည့်စုံသူ (Amputee)

(ဆ) သူငယ်နာအကြောတင်း (Cerebral Palsy)

၂။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။

၃။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။

၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင်ကျောင်းအပ်နှံပြီး ကျောင်းသား ကျောင်းသူများပါ တစ်ပါတည်းခေါ်ဆောင်၍ အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ

၂။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ

၃။ သတ်မှတ်ထားသောရောဂါအမည် (Diagnosis) မိတ္တူ

၄။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများ

ကျောင်းသား ကျောင်းသူဟောင်းများအား မေလဆန်း တတိယပတ်တွင် ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူသစ်များအား မေလ စတုတ္ထပတ်မှစ၍ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသူသည် ဖွံ့ဖြိုးမှုနယ်ပယ် (၅) ရပ်အပြင် မိမိတို့၏ တစ်နေ့တာလုပ်ဆောင်မှုများအား လေ့ကျင့်သင်ကြားရမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမှတ်-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း အမှတ် (၂၆) ဘီလမ်း၊ ၅၈၊၅၉လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနစု၊ ဖုန်း ၀၆၇-၄၀၄၂၅၂၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်း (ရန်ကုန်) ဖုန်း ၀၁-၉၆၆၁၄၄၂၊ ၀၉- ၇၉၉၄၇၈၈၉၃၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) ဖုန်း ၀၂-၄၀၂၁၀၉၂၊ ၀၉- ၄၀၀၄၀၇၅၄၂၊ ၀၉-၄၀၂၅၈၃၂၁၆ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်နေမှုအခြေအနေများ ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၀**

နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် ယမန်နေ့မွန်းလွဲပိုင်းက ဒက္ခိဏသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒက္ခိဏသီရိမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) ရန်အောင်မြင်ကျောင်းများသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက စခန်းသွင်းလေ့ကျင့်နေမှု အခြေအနေများနှင့်ကျောင်းအိပ်၊ကျောင်းစားထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က ကျန်းမာရေးစောင့်ရှောက်မှုများ အထူးဂရုပြု ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကျောင်းအတွင်းအပြင် သန့်ရှင်းသာယာမှုရှိစေရေးနှင့် နေရာထိုင်ခင်းချထားမှုကို စနစ်တကျဆောင်ရွက်ရန်၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ထူးချွန်စွာအောင်မြင်စေရန် သက်ဆိုင်ရာ ဆရာ ဆရာမများ အနေဖြင့် အထူးကြပ်မတ် ဆောင်ရွက်စေလိုကြောင်းနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် တာဝန်ရှိသူများနှင့်အတူ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စုအတွင်းရှိ အုန်းတောဘုန်းကြီးကျောင်းသို့



သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**



## ရေကြောင်းလူငယ်မောင်မယ်များ နေပြည်တော်ကောင်စီနယ်မြေရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ၌ ရောက်ရှိနေသည့် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းစခန်း ၁၁ ခုမှ သင်တန်းသားများနှင့် နည်းပြ/ အုပ်ချုပ်သူ ၉၂၃ ဦးတို့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း လေ့လာရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၏ ပုံစံငယ်များ၊ အထင်ကရနေရာများနှင့် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအထိမ်းအမှတ်ပြယုဂ်များကို သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြောက်ဥက္ကလာပမြို့နယ်၌ မြို့နယ်အဆင့်ကျောင်းကျန်းမာရေး ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချ

**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး ဆင့်ပွားသင်တန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီတွင် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းထွန်းက ကျောင်းသားလူငယ်များ၏ ကျန်းမာရေးအဆင့်မြှင့်တင်ရန်၊ ကျောင်းသားလူငယ်များ ကျန်းမာရေး ညီညွတ်သည့် လူနေမှုဘဝပုံစံများ သိရှိကျင့်သုံးစွဲမြဲစေရန်၊ ကျောင်းသားလူငယ်များ၊ပညာရေးဝန်ထမ်းများနှင့် ကျောင်းရှိလူအားလုံးအား ကျန်းမာရေး အဆင့်မြင့်ကျောင်းလုပ်ငန်းစဉ်များအတိုင်း ကျောင်းကျန်းမာရေး စောင့်ရှောက်မှုပေးရန်၊ ကျောင်းကျန်းမာရေးလုပ်ငန်းမှတစ်ဆင့် တစ်မျိုးသားလုံး ကျန်းမာရေး အဆင့်မြင့်မားတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပို့ချပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက မြို့နယ်အဆင့်ကျောင်းကျန်းမာရေး ဆင့်ပွားသင်တန်းတွင် ပို့ချမည့် ဘာသာရပ်များအား အသေးစိတ် ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မြို့နယ်တွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေး သင်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများ ၉၄ ကျောင်းမှ မူလတန်းနှင့် အလယ်တန်းအဆင့် ဆရာ ဆရာမများ တက်ရောက် သင်ယူကြပြီး သင်တန်းကာလမှာ တစ်ရက်ကြာ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**



# မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈)ရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စာအုပ်လှူဒါန်းပွဲကိုကျင်းပရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အလှူရှင်များက စာအုပ်များလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ စာအုပ်များပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းပွဲတွင် ဒုတိယရဲမှူးကြီး(ငြိမ်း) ဦးသိန်းထွန်း(စာရေးဆရာစစ်ရဲအိမ်)က ငွေကျပ် ၁၆၀၀၀၀၀ တန်ဖိုးရှိ စာအုပ် ၂၀၀ နှင့် သဒ္ဓမ္မဇောတိကဇော်ဘွဲ့ရ စာရေးဆရာ ပန်တျာမြကြည်က ငွေကျပ် ၇၅၀၀၀၀ တန်ဖိုးရှိ စာအုပ် ၅၀ လှူဒါန်းခဲ့သည်။

စာအုပ်လှူဒါန်းပွဲအပြီးတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်းနှင့် အလှူငွေနှင့်စာအုပ်များ လှူဒါန်းလိုပါက အတွင်းရေးမှူး ဖုန်း ၀၉-၅၁၄၂၅၆၄၊ ရုံးအဖွဲ့မှူးဖုန်း ၀၉-၄၂၀၇၀၀၃၂၆ တို့ကို ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်




# မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများ ဆက်လက်ရောင်းချပေးလျက်ရှိ

မန္တလေး မေ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့်အထပ်သားပြားများကို ယနေ့တွင် စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် မြစ်သားမြို့နယ် ကူမဲမြို့ရှိ အမှတ်(၅)ရပ်ကွက်၌ ပြည်သူများလက်ဝယ်သို့ ဆက်လက်ရောင်းချပေးလျက်ကြောင်း သိရသည်။

သတင်းစဉ်



# ပေါင်မြို့နယ်၌ မိသားစုဝင်ငွေတိုးရေးစီမံကိန်း အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

ပေါင် မေ ၂၀

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘန့်ဘွေးကုန်းကျေးရွာ အုပ်စု အလက(ခွဲ)မုကျိုကျောင်း၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူး သံမရောင်က သထုံခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းနည်းပညာများ သင်ကြားပေးခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများကို စနစ်တကျ မှတ်ပုံတင်ပေးခြင်း၊ မြန်မာ့ရိုးရာလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သထုံခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းလှက မွန်ပြည်နယ်အနေဖြင့် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်း ၁၅ ခုအနက် သထုံခရိုင်မှ ဝင်ငွေတိုးစီမံကိန်းဖြစ်သည့် မုကျိုကျေးရွာအပါအဝင် ကျေးရွာခုနစ်ရွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိဌာန၏ရည်မှန်းချက်များဖြစ်သည့် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဥပဒေနှင့်အညီ MSME လုပ်ငန်းများအား လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးခြင်းအပြင် လုပ်ငန်းရှင်များ မှတ်ပုံတင်လာသည့် လူသုံးကုန်၊ စားသောက်ကုန်လုပ်ငန်း ထုတ်ကုန်များကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ခွတ်ခွဲစမ်းသပ်ပေးခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးရဲမှူး သံမရောင်နှင့်သထုံခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနခရိုင်ဦးစီးမှူးတို့က သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး သင်တန်းသူများနှင့် မှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။ အဆိုပါသင်တန်းကို သင်တန်းဆရာနှစ်ဦးက သင်တန်းသူ ၁၃ ဦးတို့ဖြင့် ခုနစ်ရက်ကြာ သင်ကြားပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံးတွင် အခမ်းအနားမှူးသင်တန်းဖွင့်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက်ရှိ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် အခမ်းအနားမှူး သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းကပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မော်မော်သန်းနှင့်အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။ သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



## သင်ကြားပို့ချ

အဆိုပါ အခမ်းအနားမှူးသင်တန်းတွင် သင်တန်းသူ ၄၇ ဦးအား မေ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်တိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါ်သန်းသန်းဝင်းက စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ကိုဇော်

# လှိုင်ကူးမြို့နယ်၌ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြော

လှည်းကူး မေ ၂၀

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မား၍ ဗဟုသုတ ရရှိစေရန် အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

## ချီးမြှင့်

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့က ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပြီး မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာ ဦးသက်ဦးက စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။ ဆက်လက်၍ ပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပန်းချီဆွဲ၊ စာဖတ်စွမ်းရည်၊ ဉာဏ်စမ်းပဟေဠိ၊ ကဗျာရွတ်ဆို ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လူငယ်လူရွယ်များ အသိပညာ ဗဟုသုတရရှိစေရန် ကလေးအလုပ်သမား ပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်/စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## ကျိုက်မရောမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေးပေး

ကျိုက်မရော မေ ၂၀

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)၌ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို မေ ၁၉ ရက်မှ စတင်ကာ တောင်သူများထံ စတင်ထုတ်ချေးပေးလျက်ရှိသည်။

မိုးရာသီ၌ လယ်ယာလုပ်ငန်းခွင် စတင်ဝင်ကြမည့် လယ်သမားများ အနေဖြင့် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ရန်အတွက် ယခင်စိုက်ပျိုးစရိတ်ချေးငွေ ကြွေးကျန်မရှိသည့်တောင်သူများအား အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ဦးစားပေး ထုတ်ချေးပေးခြင်းဖြစ်ပြီး မိုးစပါးတစ်ဧကလျှင် တစ်သိန်းခွဲနှုန်းဖြင့် ထုတ်ပေးကြောင်း သိရသည်။

ကျိုက်မရောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ၂၀၂၅ ခုနှစ် လျာထားဧက ၉၀၀၀ အတွက် ထုတ်ချေးပေးရန်လျာထားပြီး ယနေ့တွင် ပထမဆုံးထုတ်ချေးသည့် ကျုံဝမ်းကျေးရွာမှ တောင်သူ ၄၁ ဦး စိုက်ဧက ၂၆၆ ဧကအတွက် ချေးငွေ စုစုပေါင်းငွေကျပ် ၃၉၉ သိန်းကို တောင်သူလက်ဝယ်အရောက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးမင်းသက်စံထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဝါးခယ်မမြို့နယ်၌ မိုးရာသီစိုက်ပျိုးဧက ငါးသောင်းကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

ဝါးခယ်မ မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ယမန်နေ့နံနက်ပိုင်းကစတင်ကာ ဇုက္ကနိကျေးရွာရှိ တောင်သူများအား စတင်ထုတ်ချေးပေးလျက်ရှိသည်။



ဦးစွာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်အေးအေးတင်က ဇုက္ကနိကျေးရွာမှ တောင်သူများအား တွေ့ဆုံကာ စိုက်ပျိုးစရိတ်ဘဏ်ချေးငွေများ ထုတ်ချေးခြင်းနှင့် ပြန်လည်ပေးဆပ်ရာတွင် လိုက်နာရမည့် အချက်များ၊ အကျေပြန်လည်ပေးဆပ်နိုင်ရေး တို့ကို ရှင်းလင်းပြောကြားပြီး ဇုက္ကနိကျေးရွာမှ တောင်သူ ၅၃ ဦး၏ စပါးစိုက်ပျိုးဧက ၂၈၆ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်း နှုန်းဖြင့် စတင်ထုတ်ချေးပေးခဲ့သည်။

၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ဘဏ်ချေးငွေများကို ဝါးခယ်မမြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၁၃၂ အုပ်စုမှ တောင်သူများ၏ စိုက်ပျိုးဧက ၅၃၆၈၃ ဧကအတွက် ချေးငွေကျပ်သိန်း ၈၀၅၂၄ ဒသမ ၅၀ ကို စက်တင်ဘာလကုန်အထိ ကြွေးဟောင်းပြေကျေပြီးသူများအား ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လွမ်းသီဟ(ဝါးခယ်မ)

## ကျောက်တံခါးမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေး

ကျောက်တံခါး မေ ၂၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများအား ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်းကို ယမန်နေ့နံနက်ပိုင်းမှ စတင်၍ထုတ်ချေးပေးလျက်ရှိသည်။

ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးအောင်ဇော်ဦးက ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းနှင့်ပတ်သက်၍ တောင်သူများအား ရှင်းလင်းပြောကြားပြီး မြို့နယ်မန်နေဂျာနှင့် ဝန်ထမ်းများက တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးကြသည်။

ထိုသို့ထုတ်ချေးရာ ယနေ့နံနက်ပိုင်းတွင် မြို့ချောင်းကျေးရွာအုပ်စုမှ တောင်သူ ၁၁၁ ဦးအား လယ်ဧက ၇၀၆ ဧကအတွက် တစ်ဧကငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးငွေကျပ် ၁၀၅၉ ဒသမ ၀၀ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်းနှင့် ကျန်ရှိသည့် ကျေးရွာအုပ်စုများကိုလည်း



ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အုတ်တွင်းမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား ချေးငွေ စတင်ထုတ်ချေး



အုတ်တွင်း မေ ၂၀

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ၂၀၂၅ ခုနှစ် မိုးရာသီအတွက် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား ယမန်နေ့နံနက်ပိုင်းက အဆိုပါရုံး၌ စတင်ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါ ၂၀၂၅ ခုနှစ် မိုးချေးငွေအား ကျေးရွာအုပ်စု ၄၁ အုပ်စုရှိ လူဦးရေ ၉၉၇၉ ဦး၊ ဧက ၄၆၉၃၃ အတွက် ထုတ်ချေးငွေကျပ် ၇၀၃၉၉ ဒသမ ၅၉ သိန်း ထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက သံဘိုကျေးရွာအုပ်စုရှိ တောင်သူ ၁၀၇ ဦး၊ ဧက ၆၇၆ ဧက၊ ချေးငွေကျပ် ၁၀၁၄ ဒသမ ၀၀ သိန်းကို စတင်ထုတ်ချေးပေးခြင်းကို မြို့နယ်ချေးငွေအကြံပေးဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးတင်ယု၊ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်ခင်ဆွေဦးနှင့်ဝန်ထမ်းများက ထုတ်ချေးပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် မိုးရာသီအတွက် မိုးစပါး ချေးငွေထုတ်ချေးပေးခြင်းအတွက် တောင်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးရခြင်း ဖြစ်ကြောင်းနှင့် မိုးချေးငွေအား ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာထံမှ သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

## ပုသိမ်ခရိုင်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ပုသိမ် မေ ၂၀

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပုသိမ်ခရိုင်ဘဏ်ခွဲတွင် ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါပုသိမ်ခရိုင်ဘဏ်ခွဲတွင် ကျင်းပသည်။

### ရှင်းလင်းပြောကြား

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းမန်နေဂျာ ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်မန်နေဂျာ ဒေါ်နွယ်နွယ်ဝင်းက ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေ မူဝါဒစည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းမန်နေဂျာ ဦးဝင်းနိုင်နှင့် ခရိုင်မန်နေဂျာတို့က ပုသိမ်ခရိုင် မိုးကုတ်ကျေးရွာအုပ်စုမှ တောင်သူ ၈၁ ဦး၏ မိုးစပါးစိုက်ဧက ၆၀၇ ဧကအတွက် တစ်ဧကလျှင် တစ်သိန်းငါးသောင်းနှုန်းဖြင့် ငွေကျပ်သိန်း ၉၁၀၅၀၀၀၀ ကို တောင်သူများ လက်ဝယ်အရောက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

❖ စပိန်အသင်းမှ

ပီပီရေနာဟာ ၂၀၀၅ ခုနှစ်အတွင်းက ဗီလာရီးယဲလ်အသင်းကနေ လီဗာပူးအသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး လီဗာပူးအသင်းနဲ့အတူ အက်ဖ်အေဖလားနဲ့ ကာရာဘောင်ဖလားတို့ကို ရယူဆွတ်ခူးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

### ပါဝင်ကစားပေး

ဂိုးသမား ပီပီရေနာဟာ ၂၀၁၄ ခုနှစ်အတွင်းက လီဗာပူးအသင်းမှ မထွက်ခွာမီ လီဗာပူးအသင်းအတွက် ပွဲစဉ်စုစုပေါင်း ၃၉၄ အထိ ပါဝင်ကစားပေးခဲ့သူလည်းဖြစ်ပါတယ်။ ဒါ့ပြင် ဂိုးသမား ပီပီရေနာဟာ ဂိုးသမားဘဝတစ်လျှောက်မှာ ဘိုင်ယန်မြူးနစ်အသင်း၊ နာပိုလီအသင်း၊ အေစီမီလန်အသင်း၊ အက်စ်တွန်ဗီလာအသင်း၊ လာဇီယိုအသင်း၊ ဗီလာရီးယဲလ်အသင်းနဲ့ ကိုမိုအသင်းတို့မှာ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ဂိုးသမား ပီပီရေနာဟာ ၂၀၂၃ ခုနှစ်အတွင်းက ဗီလာရီးယဲလ်အသင်းနဲ့အတူ ပွဲစဉ်စုစုစုပေါင်း ၁၀၀၀ ပြည့်ကစားခဲ့ပြီးလည်းဖြစ်ပါတယ်။

ငွေကြယ်

## မြန်အောင်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

မြန်အောင် မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို တစ်ဧကလျှင် တစ်သိန်းငါးသောင်းကျပ်နှုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြန်အောင်ဘဏ်ခွဲမှ မေ ၁၉ ရက်က စတင်ထုတ်ချေးပေးလျက်ရှိသည်။

### ဆွေးနွေးပြောကြား

ထိုသို့ဆောင်ရွက်ပေးရာတွင် မြန်အောင်မြို့နယ်စီမံကိန်း ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းစိုးဦးက လယ်သမားများနှင့်တွေ့ဆုံ၍ စိုက်ပျိုးစရိတ်ချေးငွေများကို လယ်ယာမြေအတွက် အကျိုးရှိစွာအသုံးပြုရန်၊ မိုးစပါးအထွက်နှုန်းတိုးတက်ရေး၊ ကြွေးခင်းစနစ်ပပျောက်ရေးဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့ကြသည်။

ထို့နောက် မြန်အောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်စုစုခိုင်က တောင်သူများကို ချေးငွေထုတ်ချေးသည့် စာချုပ်ပါစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

မြန်အောင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၇ အုပ်စုရှိ တောင်သူ ၁၀၂၀၀ ကျော်တို့၏ လယ်ယာမြေဧက ၆၅၅၆၄ ဧကအတွက် ငွေကျပ် ၉၈၃၄၆ ဒသမ ၀၀ သိန်းကို ချေးငွေထုတ်ချေးရန် လျာထားပြီး စတင်ထုတ်ချေးသော ညောင်ဝိုင်းကျေးရွာအုပ်စုမှ တောင်သူ ၇၈ ဦး လယ်ယာမြေ ဧက ၄၀၀ အတွက် ငွေကျပ်သိန်း ၆၀၀ ဒသမ ၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြန်အောင်(ပြန်/ဆက်)

# ထိုင်းနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

ဗန်ကောက် မေ ၂၀

ထိုင်းနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် ယမန်နေ့က သဘောတူခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီရန်တိုအား ဝန်ကြီးချုပ် ပေတုန်တန် ရှင်နာဝပ်ထရာက ဗန်ကောက်ရှိ အစိုးရအိမ်တော်တွင်လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် အဆင့်မြင့်တာဝန်ရှိသူများအကြား ပုံမှန်အစည်းအဝေးကျင်းပရေးနှင့် ရှင်းလင်းပြတ်သားသည့် လုပ်ငန်းစဉ်များချမှတ်ရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်ပေတုန်တန်က ပြောကြားသည်။ ထို့ပြင် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သည့်အနေဖြင့် နယ်စပ်ဖြတ်ကျော်မှုခင်းများဖြစ်သည့် အွန်လိုင်းလိမ်လည်မှုများ၊ လူကုန်ကူးမှုများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နှစ်နိုင်ငံအကြား သဘောတူခဲ့သည်။ အွန်လိုင်းလိမ်လည်မှု ခံစားခဲ့ရသည့် အင်ဒိုနီးရှားနိုင်ငံသားများအား အကူအညီများပေးအပ်ခြင်းနှင့် သတင်းအချက်အလက်များ မျှဝေခြင်းအတွက် ထိုင်းနိုင်ငံအား ကျေးဇူးတင်ရှိကြောင်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီရန်တိုက ပြောကြားသည်။




ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအပါအဝင် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ထိုင်း-အင်ဒိုနီးရှား ပူးတွဲကုန်သွယ်ရေးကော်မတီ ဝန်ကြီးအဆင့်အစည်းအဝေးကို ယခုနှစ်အတွင်း ထိုင်းနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ကုန်သွယ်မှုပမာဏမြှင့်တင်ရေး၊ ကုန်သွယ်မှုအတားအဆီးများကိုလျှော့ချရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆောင်ရွက်မည်ဖြစ်ကြောင်း ပေတုန်တန်က ပြောကြားခဲ့သည်။

**ပူးပေါင်းဆောင်ရွက်မည်**

ကမ္ဘာလုံးဆိုင်ရာ မသေချာမှုများဖြစ်ပွားနေပြီး အမေရိကန်က ကုန်သွယ်မှုဆိုင်ရာ အခွန်များတိုးမြှင့်ကောက်ခံနေသည့်လက်ရှိအချိန်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို အားကောင်းစေရန် နှစ်ဖက်စလုံးမှ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကိုလည်း ကျင်းပခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



## ရုရှားနှင့် ယူကရိန်း ငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်

မော်စကို မေ ၂၀

ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံနှင့် ဆက်သွယ်ကာ ငြိမ်းချမ်းရေးရရှိရေးအတွက် ဆောင်ရွက်မည်ဟု ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာ ဇာကာရိုဗာက မေ ၂၀ ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံအနေဖြင့် ၎င်းပဋိပက္ခအတွက် တရားမျှတသည့် ဖြေရှင်းချက်ရရှိရေး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး ၎င်းကဲ့သို့ဆောင်ရွက်ရန်အတွက် ပြဿနာများ၏ အရင်းအမြစ်ကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်ဟု ၎င်းက ပြောကြားသည်။

**ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုရန် ဆောင်ရွက်မည်**

အပစ်အခတ်ရပ်စဲရေးရရှိရေးအတွက် ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ စည်းမျဉ်းများ၊ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိမည့် ကာလအပါအဝင် ကဏ္ဍအများအပြားတွင် နှစ်နိုင်ငံအကြား သဘောတူညီချက်ရရှိရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ နှစ်နိုင်ငံအကြားငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုရန်နှင့် အပစ်အခတ်ရပ်စဲရေးအတွက် ပြင်ဆင်ဆောင်ရွက်ရမည်ဟု ကရင်မလင်ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပတ်စကော့ဗ်က ပြောကြားသည်။

ရုရှား-ယူကရိန်းအရေးနှင့် အစ္စတန်ဘူလ် ဆွေးနွေးပွဲရလဒ်များနှင့်ပတ်သက်၍ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ထရမ့်တို့အကြား ယမန်နေ့က ဆွေးနွေးခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## အမေရိကန်သမ္မတ ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့အကြား ဆွေးနွေးမှုကောင်းစွာဆောင်ရွက်နိုင်ခဲ့

ဝါရှင်တန် မေ ၂၀

အမေရိကန်သမ္မတထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့အကြား မေ ၁၉ ရက်က ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးမှုရရှိခဲ့ပြီး ဆွေးနွေးမှုကောင်းစွာဆောင်ရွက်နိုင်ခဲ့သည်ဟု သိရသည်။

ရုရှားနှင့်ယူကရိန်းအကြား စေ့စပ်ညှိနှိုင်းမှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆွေးနွေးပွဲဆိုင်ရာစည်းမျဉ်းများကို နှစ်ဖက်စလုံးက ကိုယ်ပိုင်နည်းလမ်းဖြင့် သတ်မှတ်မည်ဖြစ်ကြောင်း ထရမ့်က လူမှုမီဒီယာတွင် ပြောကြားသည်။ ရုရှားနှင့် ယူကရိန်းတို့သည် လက်ရှိအချိန်တွင် အပစ်အခတ်ရပ်စဲရေးနှင့် ပဋိပက္ခပြီးဆုံးရေးအတွက် ဆွေးနွေးလိုကြကြောင်း ထရမ့်က လူမှုမီဒီယာတွင် ဖော်ပြခဲ့သည်။ ရုရှားနိုင်ငံအနေဖြင့် ရုရှား-ယူကရိန်းပဋိပက္ခပြီးဆုံးသည့်အချိန်တွင် အမေရိကန်နှင့် ကုန်သွယ်မှုပြုလိုပြီး ၎င်းကုန်သွယ်ရေးမှ ယူကရိန်းနိုင်ငံအတွက်လည်း အကျိုးကျေးဇူးများရရှိမည်ဟု ထရမ့်က ပြောကြားသည်။ ရုရှားနိုင်ငံအနေဖြင့် အမေရိကန်နှင့် ကုန်သွယ်မှုပြုပါက အကျိုးစီးပွားများရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

၎င်းဆွေးနွေးပွဲ၏ရလဒ်များကို ထရမ့်က ယူကရိန်းသမ္မတ ဇာလန်စကီး၊ ဥရောပကော်မရှင်အကြီးအကဲ ဗွန်ဒါလီယံတို့အပါအဝင် ကမ္ဘာ့နိုင်ငံများမှ အကြီးအကဲများထံ မျှဝေခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## ဖိလစ်ပိုင်၌ မိုးသည်းထန်စွာရွာသွန်းရာမှ ရေကြီးရေလျှံမှုများဖြစ်ပွား

မနီလာ မေ ၂၀

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မဂူဒါနာအိုဒါဆာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းရာမှ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ဒေသခံ ၂၀၀၀၀၀ နီးပါးထိခိုက်ခံစားခဲ့ရကြောင်း အမျိုးသားသဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက မေ ၂၀ ရက်တွင် ပြောကြားသည်။

မန်ဒါနာအိုကျွန်းရှိ မြို့များတွင် မေ ၁၄ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးကြိုးမုန်တိုင်းများ တိုက်ခတ်ခဲ့ကြောင်း ၎င်းကောင်စီက ပြောကြားသည်။




၎င်းဖြစ်စဉ်များ၏ အကျိုးသက်ရောက်မှုကို မဂူဒါနာအိုဒါဆာပြည်နယ်ရှိ ဒေသခံများ ခံစားခဲ့ရပြီး ဒေသခံ ၈၉၀မှာ ခိုလှုံရေးစင်တာများတွင် နေထိုင်နေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ သဘာဝဘေးများကြောင့် နေအိမ်များပျက်စီးခဲ့ပြီး လမ်းနှစ်လမ်းနှင့် တံတားတစ်စင်းပျက်စီးခဲ့ကြောင်း သိရသည်။

ထို့ပြင် ၎င်းသဘာဝဘေးကြောင့် မြေပဲ၊ ပြောင်း၊ ဆန်စပါးနှင့် အခြားသီးနှံများ ပျက်စီးခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## ကမ္ဘာ့ကပ်ရောဂါကာကွယ်ရေးဆိုင်ရာ သဘောတူညီချက် အတည်ပြု

ဂျီနီဗာ မေ ၂၀

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပနေသည့် ကမ္ဘာ့ကျန်းမာရေးညီလာခံက မေ ၂၀ ရက်တွင် ကမ္ဘာ့ကပ်ရောဂါကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်ကို အတည်ပြုခဲ့ကြောင်း သိရသည်။



၎င်းညီလာခံကိုကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမကထပြု၍ မေ ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ကြိုးပမ်းဆောင်ရွက်**

၎င်းကပ်ရောဂါကာကွယ်ရေးသဘောတူညီချက်တွင် ကူးစက်ရောဂါစောင့်ကြည့်ခြင်း၊ ကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းအတွက် လက်ရှိစနစ်များကို ကျယ်ကျယ်ပြန့်ပြန့်ပြုပြင်ပြောင်းလဲရန် ပလက်ဖောင်းများနှင့် ယန္တရားအသစ်များ ဆက်တိုက်ထူထောင်ရန် အဆိုပြုထားသည်။ ၎င်းသဘောတူညီချက်အရ ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာ ထုတ်ကုန်များကို သုတေသနပြုခြင်းကို မြှင့်တင်ရန်၊ ယင်းထုတ်ကုန်များ၏ ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအစီအစဉ်ကို ချိန်ညှိရန်နှင့် နိုင်ငံတကာကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုများတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများကို ဖြေရှင်းရေးအတွက် ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာပြည်သူ့ကျန်းမာရေးစနစ် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာသဘောတူညီချက်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏သမိုင်းနှင့် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးအတွက် အထင်ရှားဆုံးအောင်မြင်မှုဖြစ်လာကြောင်းနှင့် ၎င်းသဘောတူညီချက်အရ လူသားမျိုးနွယ်အား ကပ်ရောဂါများအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် တုံ့ပြန်ရန် ယခင်ကထက် ပိုမိုအားကောင်းသည့်အနေအထားတွင် ပြင်ဆင်ထားရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂါဘရီယီဆက်က ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကျန်းမာရေးညီလာခံ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မူဘောင်အောက်တွင် ကူးစက်ရောဂါဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရေးဆွဲရန် ညှိနှိုင်းရေးအဖွဲ့ကို တည်ထောင်ခဲ့ပြီး ကပ်ရောဂါကြိုတင်ပြင်ဆင်မှု၊ ကာကွယ်မှုနှင့် တုံ့ပြန်မှုများအတွက် ကမ္ဘာလုံးဆိုင်ရာစွမ်းဆောင်ရည်များ မြှင့်တင်ရေးဆောင်ရွက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မေ ၂၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား ခုနစ်ဦး၊ အိန္ဒိယနိုင်ငံသား ၁၀ ဦး၊ ရုရှားနိုင်ငံသား တစ်ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား ၁၂ ဦး စုစုပေါင်း ၃၁ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Doosung Kim နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားသမ္မတနိုင်ငံသံရုံးမှ Counsellor Ms. Juliet Onyejiaka နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Counsellor Mr. Ilyn Ilia နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-ရွှေကုက္ကိုလ် မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ဖိလစ်ပိုင်နိုင်ငံသား ရှစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား သုံးဦး၊ တရုတ်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၇၀၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၆၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၃၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling)လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ပန်းခင်းစီမံချက်(၃)ဖြင့် သာကေတမြို့နယ်၌ မြေပြင်ကွင်းဆင်း ဆောင်ရွက်

သာကေတ မေ ၂၀

သာကေတမြို့နယ် ၁၀/ တောင်ရပ်ကွက် ဓမ္မရက္ခိတဓမ္မာရုံတွင် ယနေ့နံနက် ၁၀ နာရီမှစတင်ကာ နိုင်ငံသားများအား ကိုင်ဆောင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်မျိုးမျိုး ရရှိနိုင်ရေးအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ရာတွင် သာကေတမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံသိန်း၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်ယဉ်မြသွေးဦးဆောင်သော ဝန်ထမ်းများက ၁၀/တောင်ရပ်ကွက်အတွင်း နေထိုင်ကြသော နိုင်ငံသားများအား ကိုင်ဆောင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်မျိုးမျိုး ရရှိနိုင်ရေးအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် အသက် ၁၆ နှစ်မှ ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသောသူများကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခြင်းဖြစ်သည်။

သာကေတမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းကို ပန်းခင်းစီမံချက်(၃)ဖြင့် ရပ်ကွက်ပေါင်း ၁၉ ရပ်ကွက်ရှိ ဆောင်ရွက်ရန်ကျန်ရှိနေသည့် ပြည်သူများအား ဆက်လက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သဲထက်ဇင်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၀

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ခါးပြဆန်ဆန် ဆက်ကြေးကောက်၊ လမ်းကြေးတောင်းနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် အခက်တွေ့နေရသော ခရီးသွားပြည်သူများ"** ခေါင်းစဉ်ဖြင့် မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတကာထောက်ခံမှုရရှိဖို့အတွက် သတင်းလိမ်လည်ဖို့ကြိုးစားလာတဲ့ NUG၊ PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေး အချက်အလက်များကို လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**



# ဥတ္တရသီရိမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိပြည်သူများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေး ခတ်ခြင်းများကို ယမန်နေ့နံနက်ပိုင်းတွင် သစ်ဝင်တိုင်းကျေးရွာအတွင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝါဝါညွှန့်ရွှေဦးစီး၍ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် လူနေအိမ်များနှင့် စာသင်ကျောင်းဝင်းအတွင်းရှိ ခြင်များ ခိုအောင်းနေထိုင်ပေါက်ပွားမှု မဖြစ်စေရေး သောက်သုံးရေကန်များ၊ ဘုရားပန်းအိုးများ၊ ရေအိုး၊ သောက်သုံးရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ရေသိုလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ဒေါပုံမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

ဒေါပုံ မေ ၂၀

ဒေါပုံမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် အခြေခံပညာကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက် ၉ နာရီက အလက(၂)နှင့် အမက(၃) တို့သို့ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ကွင်းဆင်းရာတွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ပိုးလောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ပိုစတာများကပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အဘိတ်ဆေးများခတ်ခြင်းတို့ကို ဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများကို ဒေါပုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာမျိုးမျိုးခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**



# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



နေပြည်တော် မေ ၂၀

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

**ဂုဏ်ပြုဆုများ ပေးအပ်**

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းကို ပစ္စတိုဖြင့် ပစ်ဖောက်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပစ္စတိုပွဲစဉ် အမျိုးသမီးအသင်းနှင့် ကာဘိုင်ပွဲစဉ် အမျိုးသားအသင်းတို့၏ သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးက သရုပ်ပြပစ်ခတ်သည့် အသင်းတို့အား ချီးမြှင့်ငွေနှင့် ဂုဏ်ပြုဆုများ ပေးအပ်သည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့ဖြင့် မေ ၂၆ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မေလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေ ၂၁ ရက်မှ ၂၃ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း၊ မေ ၂၄ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း(၁)ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မေလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မေလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် နှစ်ပေခွဲမှ ငါးပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် လေးပေမှ ခြောက်ပေခွဲခန့်၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်အထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် နှစ်ပေခွဲခန့်နှင့် ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၆၀ | ၂၈၃၀ | ၂၇၆၅ | ၂၈၇၀ | ၂၈၈၅ | ၂၉၀၀ | ၂၈၂၀ | ၄၅၀၅ | ၃၁၁၅ | ၂၈၃၅ | ၂၈၄၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၉၅ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | ၄၅၆၀ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၄၃၀ | ၂၄၀၀ | ၂၃၃၅ | ၂၄၄၀ | ၂၄၅၅ | ၂၄၇၀ | ၂၃၉၀ | - | ၂၆၈၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၈၀ | ၂၄၄၅ | ၂၄၆၅ | ၂၇၂၀ |
| HSD (50 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | ၄၈၃၀ | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |
| HSD (10 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | - | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၈၇ | ၂၆၇၂ |
| 95 Ron | ၂၆၄၂ | ၂၇၂၈ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၄၃ |
| HSD (50 ppm) | ၂၆၀၉ | ၂၇၇၂ |
| HSD (10 ppm) | ၂၆၀၉ | ၂၇၇၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဗန်းမော်မြို့နယ်အတွင်း တပ်မတော်မှ ရဟတ်ယာဉ်တစ်စင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆောင်ရွက်နေစဉ် စက်ချို့ယွင်း၍ ပျက်ကျမှုဖြစ်စဉ်ဖြစ်ပွား

နေပြည်တော် မေ ၂၀

ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်မှ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များသည် ဗန်းမော်မြို့နယ်အတွင်းရှိ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များ ထမ်းဆောင်နေသည့် တပ်မတော်ရှေ့တန်းလုံခြုံရေးစခန်းများရှိ တပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့်အုပ်ချုပ်မှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများ သွားရောက်ပို့ဆောင်ခဲ့ပြီး ပြန်လည်ထွက်ခွာလာစဉ် ရဟတ်ယာဉ်တစ်စင်းသည် ဗန်းမော်မြို့၏ အနောက်တောင်ဘက် မီတာ ၁၄၀၀၀ ခန့် အကွာသို့ရောက်ရှိစဉ် ရုတ်တရက်စက်ချို့ယွင်းမှုဖြစ်ပွားကာ မတော်တဆပျက်ကျမှုဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ်ပျက်ကျခဲ့မှုအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရဟတ်ယာဉ်ပျက်ကျသည့်နေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ကာ ရှာဖွေကယ်ဆယ်ရေးနှင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# လူငယ်နှင့် ခေါင်းဆောင်မှုစွမ်းရည်

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

**ခေါင်းဆောင်မှုစွမ်းရည်တွင်ပါဝင်သော အရည်အချင်းနှစ်ရပ်မှာ အခြားသူများကို ဦးတည်ရာလမ်းကြောင်းတစ်ခုသို့ လမ်းညွှန်ပေးခြင်းနှင့် အခြားသူများ၏ အပြုအမူများနှင့် ထင်မြင်ယူဆချက်များအပေါ် လွှမ်းမိုးနိုင်မှုပင်ဖြစ်သည်။ ခေါင်းဆောင်တစ်ဦးအနေဖြင့် ရည်မှန်းချက်ပန်းတိုင်များချမှတ်ရာတွင် ယင်းတို့ကို အကောင်အထည်ဖော်ရန်အတွက် မိမိကိုယ်မိမိယုံကြည်မှု၊ လုံ့ဆော်မှုနှင့် စွမ်းရည်များရှိရန်လိုအပ်**

ယနေ့လူငယ်များသည် နိုင်ငံ၏အနာဂတ်ကို ဖန်တီးမည့် ခေါင်းဆောင်များဖြစ်လာကြမည်ဖြစ်ရာ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေး စသည့် နယ်ပယ်ပေါင်းစုံတွင် မိမိကျရာနေရာမှ ခေါင်းဆောင်မှုတာဝန်ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ဤတွင် လူငယ်များအနေဖြင့် ခေါင်းဆောင်မှု (Leadership) ဆိုင်ရာ အခြေခံသဘောတရားများနှင့် အတွေးအခေါ်များကို သိရှိနားလည်ထားရန် စာရေးသူ လေ့လာဖတ်ရှုမှတ်သားထားသော နိုင်ငံတကာခေါင်းဆောင်မှု (Leadership) စာအုပ်များမှ လေ့လာမှတ်သားဖွယ်ရာများကို မျှဝေတင်ပြသွားပါမည်။

ခေါင်းဆောင်မှုစွမ်းရည်တွင်ပါဝင်သော အရည်အချင်းနှစ်ရပ်မှာ အခြားသူများကို ဦးတည်ရာလမ်းကြောင်းတစ်ခုသို့ လမ်းညွှန်ပေးခြင်းနှင့် အခြားသူများ၏ အပြုအမူများနှင့် ထင်မြင်ယူဆချက်များအပေါ် လွှမ်းမိုးနိုင်မှုပင်ဖြစ်သည်။ ခေါင်းဆောင်တစ်ဦးအနေဖြင့် ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ရာတွင် ယင်းတို့ကို အကောင်အထည်ဖော်ရန်အတွက် မိမိကိုယ်မိမိယုံကြည်မှု၊ လုံ့ဆော်မှုနှင့် စွမ်းရည်များ ရှိရန်လိုအပ်ပါသည်။

လူငယ်များအနေဖြင့် ခေါင်းဆောင်မှုဆိုင်ရာ 3C ကို သိထားရန်လိုသည်။ ခေါင်းဆောင်တစ်ဦးသည် အရည်အချင်းပြည့်ဝသော (Competent)၊ ကတိတည်သော (Committed) နှင့် ခိုင်မာသော စရိုက်လက္ခဏာ (Character) ရှိသည့် ခေါင်းဆောင်မျိုးဖြစ်ရန် အရေးကြီးပါသည်။ ထို့ကြောင့် လူငယ်များအနေဖြင့် မိမိအသင်းအဖွဲ့ကို ဦးဆောင်နေချိန်တွင် မိမိ၏ စိတ်သဘောထားသည် 3C နှင့်ပြည့်စုံသော ခေါင်းဆောင်ဖြစ်ရန် ဆုံးဖြတ်ထားရမည်ဖြစ်သည်။ ဥပမာ-ကုမ္ပဏီတစ်ခုကို ဦးဆောင်နေသော CEO (အလုပ်အမှုဆောင်အရာရှိချုပ်) သည် ယင်း 3C နှင့် ပြည့်စုံသောခေါင်းဆောင်ဖြစ်ပါက ဝန်ထမ်းများအပေါ် ကောင်းမွန်စွာ၊ ထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။

ထို့ပြင် ခေါင်းဆောင်တစ်ဦးသည် 3P's of Leadership (ခေါင်းဆောင်မှု၏ ပီသုံးလုံး) ကို ပေါင်းစပ်နိုင်ရမည်ဖြစ်သည်။ ယင်းပီသုံးလုံးအရည်အသွေးမှာ ရည်ရွယ်ချက် (Purpose)၊ စိတ်အားထက်သန်မှု (Passion) နှင့် ဖွဲလုံ့လ (Persistence) တို့ဖြစ်သည်။ ထို့ကြောင့် 3C နှင့် 3P ကို ပေါင်းစပ်၍ ခေါင်းဆောင်မှုပြုပါက ထိရောက်သောခေါင်းဆောင်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ထိရောက်သော ခေါင်းဆောင်မှုကို ဦးတည်ရာတွင် 3V ၏ အရေးပါမှုကိုလည်း လူငယ်များသိရှိထားရန်လိုအပ်သည်။ ယင်းကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ ယင်း 3V မှာ အနာဂတ်အမြင် (Vision)၊ တန်ဖိုးများ (Value)နှင့် အသံ (Voice)တို့ပင်ဖြစ်သည်။ စင်စစ် ခေါင်းဆောင်မှုကောင်းမွန်ခြင်းသည် အနာဂတ်အမြင်နှင့် စတင်သည်။ ဥပမာ အဖွဲ့အစည်းတစ်ခုတွင် ဌာနများအားလုံးအတွက် ရည်မှန်းချက်များချမှတ်ပြီး ပေါင်းစပ်အကောင်အထည်ဖော်ရသည်။ ဤတွင် အနာဂတ်အမြင် (မျှော်မှန်းချက်) (Vision) တစ်ခုရှိရန်လိုအပ်သည်။

ခေါင်းဆောင်တစ်ဦးသည် 3V အပြင် 3D ရှိရန်လည်း လိုအပ်သည်။ ခေါင်းဆောင်တစ်ဦးဖြစ်ရန် စည်းကမ်း (Discipline)၊ သန္နိဋ္ဌာန် (Determination) နှင့် စူးစိုက်နှစ်မြှုပ်ထားမှု (Dedication) အရည်အသွေးများ ရှိရန်လိုအပ်သည်။ ၎င်းစံပြခေါင်းဆောင်၏ အရည်အသွေးများကို မိမိ၏အလုပ်နှင့် ကိုယ်ရေးကိုယ်တာတွင် ပေါင်းစပ်ခြင်းဖြင့် မိမိ၏ကိုယ်ပိုင်အသိဉာဏ်များ တိုးတက်ဖြစ်ပေါ်လာမည်ဖြစ်သည်။

Doris Kearns Goodwin ရေးသားသော Leadership in Turbulent Times တွင် ခေါင်းဆောင်မှုဆိုင်ရာသင်ခန်းစာများကို လေ့လာတွေ့ရှိနိုင်သည်။ သူက ခေါင်းဆောင်များသည် မွေးရာပါမဟုတ်ဟု ဆိုသည်။ Goodwin က အတွေ့အကြုံများနှင့် စိန်ခေါ်မှုများမှတစ်ဆင့် ခေါင်းဆောင်မှုအရည်အသွေးများကို အချိန်နှင့်အမျှ တိုးတက်စေနိုင်သည်ဟူသော အယူအဆကို စူးစမ်းလေ့လာထားသည်။ အောင်မြင်သော ခေါင်းဆောင်များသည် ဒုက္ခအခက်အခဲ၊ လေ့လာသင်ယူမှုနှင့် ၎င်းအခြေအနေများမှ တိုးတက်လာကြောင်း Goodwin က အလေးပေးဖော်ပြခဲ့သည်။

Goodwin က ခေါင်းဆောင်မှုဆိုင်ရာ သင်ခန်းစာတွင် စာနာမှု၏အရေးပါမှုကို ဖော်ပြထားသည်။ စာနာမှုသည် ထိရောက်သောခေါင်းဆောင်မှုအတွက် အရေးပါသော လက္ခဏာတစ်ခုဖြစ်သည်။ အေဗရာဟမ်လင်ကွန်းကဲ့သို့သော ခေါင်းဆောင်ကြီးများသည် အခြားသူများ၏ စိတ်ခံစားချက်များနှင့် ရှုထောင့်အမြင်များကို နက်နဲစွာနားလည်ကြောင်း ပြသခဲ့သည်။ ထို့ပြင် ၎င်း၏နောက်လိုက်များနှင့် ချိတ်ဆက်ကာ အသိအမြင်ရှိသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် ကူညီပေးခဲ့သည်။ တစ်ဖန်ပြောင်းလဲလာသောအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်မှုသည် ခေါင်းဆောင်များအတွက် အရေးကြီးသည်ဟု ၎င်းကဖော်ပြထားသည်။

Goodwin က ဆက်လက်ဖော်ပြရာတွင် Theodore Roosevelt နှင့် Franklin D.Roosevelt ကဲ့သို့သော ခေါင်းဆောင်များသည် စိန်ခေါ်မှုများကို ထိရောက်စွာတုံ့ပြန်နိုင်စေခြင်းဖြင့် ရှုပ်ထွေးသော အချိန်များကို လိုက်လျောညီထွေရှိပြီး စိတ်ကူးသစ်များကို လိုက်လျောညီထွေစွာ ဖန်တီးနိုင်ပုံကို Goodwin က မီးမောင်းထိုးပြထားသည်။

လူငယ်များသိထားသင့်သော ခေါင်းဆောင်မှုဆိုင်ရာသင်ခန်းစာတစ်ခုမှာ အနာဂတ်အမြင် (Vision) နှင့် ရည်ရွယ်ချက် (Purpose) ဖြစ်သည်။ အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့တစ်ခုကို ဦးဆောင်လမ်းညွှန်ရာတွင် ပြတ်သားသောအနာဂတ်အမြင်နှင့် ရည်ရွယ်ချက်ရှိခြင်းသည် မရှိမဖြစ်လိုအပ်သည်။ Goodwin က ခေါင်းဆောင်များသည် အခြားသူများကို စိတ်ဓာတ်မြှင့်တင်ပေးရန်နှင့် ခေါင်းဆောင်များ၏ သဘောထားအမြင်ကို ပုံဖော်မျှဝေထားသော ဦးတည်ချက်နှင့် ကတိကဝတ် ဖန်တီးရန်ဆွေးနွေးဖော်ပြထားသည်။

ထို့အတူ ခေါင်းဆောင်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အဖွဲ့လိုက်ဆောင်ရွက်ခြင်း၏ အရေးပါမှုကို Goodwin က အလေးပေးဖော်ပြထားသည်။ အောင်မြင်သောခေါင်းဆောင်များသည် ၎င်းတို့၏ပန်းတိုင်များကို တစ်ယောက်တည်း မအောင်မြင်နိုင်သည်ကို အသိအမှတ်ပြုသည်။ အခြားသူများ၏ ပေါင်းစည်းအားများနှင့် ပံ့ပိုးကူညီမှုများကို တက်ကြွစွာရှာဖွေကာ ပူးပေါင်းဆောင်ရွက်မှု Culture ကို မြှင့်တင်ပေးကြသည်။ Goodwin က ခေါင်းဆောင်မှုတွင် အခက်အခဲများကို ရင်ဆိုင်ရာ၌ ခံနိုင်ရည်ရှိခြင်း (Resistance) ကို သင်ခန်းစာအဖြစ် ဖော်ပြထားသည်။ ခံနိုင်ရည်ရှိခြင်းသည် ထိရောက်သောခေါင်းဆောင်များ၏ အဓိကလက္ခဏာတစ်ရပ်ဖြစ်သည်။ လင်ကွန်းကဲ့သို့သော ခေါင်းဆောင်များသည် သိသာထင်ရှားသော ကိုယ်ရေးကိုယ်တာနှင့် ပရော်ဖက်ရှင်နယ်စိန်ခေါ်မှုများ ရင်ဆိုင်ခဲ့ရပုံကို ဖော်ပြထားသည်။ ၎င်းတို့၏ ဆုံးဖြတ်ချက်နှင့် ခေါင်းဆောင်မှုစွမ်းရည်များကို အားကောင်းစေရန် ၎င်းတို့၏ အတွေ့ကြုံများကိုအသုံးပြုကာ ဖွဲလုံ့လဖြင့် ကြိုးစားခဲ့ကြောင်း ပုံဖော်ထားသည်။

ခေါင်းဆောင်မှုတွင် ထိရောက်သော ပြောဆိုဆက်ဆံရေးသည် အောင်မြင်သောခေါင်းဆောင်များအတွက် အခြေခံကျသည်။ ကြီးမြတ်သော ခေါင်းဆောင်များသည် ၎င်းတို့၏ သတင်းစကားများကို ရှင်းရှင်းလင်းလင်းနှင့် ပေါ်လွင်စေပြီး၎င်းတို့၏ အမြင်နှင့် ရည်ရွယ်ချက်များကို ၎င်းတို့၏ နောက်လိုက်များက နားလည်ကြောင်း သေချာစေသည်ဟု Goodwin က ဖော်ညွှန်းထားသည်။

ထို့ပြင် ခေါင်းဆောင်မှုတွင် သမိုင်းမှ သင်ယူခြင်းကို မီးမောင်းထိုးပြနိုင်ရန်အတွက် ခေါင်းဆောင်များအား သမိုင်းဝင်နမူနာများနှင့် အတိတ်ခေါင်းဆောင်များ၏ အတွေ့အကြုံများမှ သင်ယူရန်ဖော်ပြထားသည်။ ယခင်ခေါင်းဆောင်များ၏ အောင်မြင်မှုများနှင့် ကျဆုံးမှုများကို လေ့လာခြင်းဖြင့် ၎င်းတို့၏ ခေါင်းဆောင်မှုခရီးလမ်းများတွင် အသုံးချနိုင်မည်ဟု ဖော်ပြထားသည်။

သို့ဖြစ်ရာ ယနေ့လူငယ်များသည် အထက်ဖော်ပြပါ ခေါင်းဆောင်မှုသင်ခန်းစာများကို သိရှိနားလည်ပြီး ထိရောက်သောခေါင်းဆောင်မှုအား အထောက်အကူဖြစ်စေမည့် အရည်အသွေးများကို ပြုစုပျိုးထောင်ပြီး အလေ့အကျင့်များကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ကာ အနာဂတ်၏ ခေါင်းဆောင်များဖြစ်အောင်ကြိုးပမ်းရပေမည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

မာတင်ဖဲ



# ၂၀၂၅ ခုနှစ် မေလအတွင်း (၁- ၅ -၂၀၂၅ ရက်နေ့မှ ၁၅- ၅ -၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေကို လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($P.M_{2.5}$)၊ Particulate Matter 10 ($P.M_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | | နေပြည်တော် | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၂ | | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| | ၁ | တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | International Business Center (IBC)၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | | မန္တလေးတိုင်းဒေသကြီး | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင် | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| | ၈ | မတ္တရာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ဟုမ္မလင်းမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၃ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| | ၁ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| ၆ | | ပဲခူးတိုင်းဒေသကြီး | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | | မကွေးတိုင်းဒေသကြီး | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | – | ကောင်းမွန် | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | | ကရင်ပြည်နယ် | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | | မွန်ပြည်နယ် | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | | ရှမ်းပြည်နယ် | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**☆ ကျော့ဖုံးမှ**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မေ ၈ ရက်မှစ၍ စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ပဏာမကစားသမား ၃၀ ကျော် ရွေးချယ်ထားသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာရှဖလားခြေစစ်ပွဲအောင်မြင်ရေးအတွက် အချိန်ယူလေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်ပြီး ပြည်ပကလပ်တွင်ကစားနေသည့် တိုက်စစ်မှူး ဝင်းသီဂီထွန်း၊ အမေရိကန်နိုင်ငံ၌ ပညာသင်ကြားရင်း ကောလိပ်အသင်းတွင် ကစားနေသည့် တိုက်စစ်ကစားသမား မေထက်လူတို့မှာမူ ဇွန်လမှ အသင်းနှင့်ပူးပေါင်းနိုင်မည်ဖြစ်ပြီး ယူ-၂၀ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံထားရသူများမှာလည်း အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲပြီးဆုံးမှ လာရောက်ပူးပေါင်းနိုင်မည်ဖြစ်သည်။ လက်ရှိရွေးချယ်ထားသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ပဏာမလူစာရင်းတွင် ဒဏ်ရာရနေသည့် အသင်းခေါင်းဆောင် ခင်မာလာထွန်း ပါဝင်လာခြင်းမရှိသေးဘဲ ဒဏ်ရာအခြေအနေအပေါ်မူတည်၍ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက ဆက်လက်ကိုင်တွယ်နေပြီး ဖေဖော်ဝါရီလတွင် ယှဉ်ပြိုင်ကစားခဲ့သည့် နီပေါလေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ကစားသမားများကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ပါဝင်သည့် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု(C)ပွဲစဉ်များကို ဇွန် ၂၉ ရက်မှ ဇူလိုင် ၅ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဘာရိန်း၊ ဘင်္ဂလားဒေ့ရှ်၊ တာ့ခ်မင်နစ္စတန်အသင်းတို့နှင့်အတူ ကျရောက်နေသည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

**✳ အာဆီယံမှ**

ယင်းပြိုင်ပွဲကို လေးကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တွင် ကျင်းပပြီးနောက် ယခု ၂၀၂၅ ခုနှစ်တွင် ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး မေ ၈ ရက်ကတည်းက လေ့ကျင့်ပြင်ဆင်နေကာ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအပြီးတွင် အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် သုံးကြိမ်တွင် ထိုင်းအသင်းက နှစ်ကြိမ်၊ ဩစတြေးလျအသင်းက တစ်ကြိမ် ဗိုလ်စွဲထားပြီး မြန်မာအသင်းသည် သုံးကြိမ်စလုံး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်သော်လည်း တတိယနှစ်ကြိမ်နှင့် စတုတ္ထတစ်ကြိမ် ရရှိထားသည်။ **ကိုညီလေး**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန
## ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး)၊
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းတင်ဒါနှင့်ပစ္စည်းတင်ဒါများခေါ်ယူခြင်း
## (ဒုတိယအကြိမ်)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဟားခါး)၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၏ လုပ်ငန်းတင်ဒါနှင့် ပစ္စည်းတင်ဒါများအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ် အပ်ပါသည် -

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၁၄-၅-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့) |
| (ခ) တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက် | - | ၂၇-၅-၂၀၂၅ ရက် ညနေ (၁၆:၃၀)နာရီချိန်ထိ |
| (ဂ) တင်ဒါအာမခံကြေး ၁% (မူရင်း)တင်သွင်းမည့်ရက် | - | ၂၈-၅-၂၀၂၅ ရက် ညနေ (၁၆:၃၀) နာရီချိန်ထိ |
| (ဃ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်း ရမည့်ရက် | - | ၂၈-၅-၂၀၂၅ ရက် နံနက်(၉:၃၀)မှ (၁၆:၃၀)နာရီချိန် |
| (င) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | - | ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လွှတ်တော်အပေါ်ထပ်၊ဟားခါးမြို့၊ |
| (စ) တင်ဒါဖွင့်မည့် နေရာ/ ရက်/ အချိန် | - | ထပ်မံကြေညာပါမည်။ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး) ဖုန်းနံပါတ် ၀၇၀-၂၁၅၈၅၅တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**တင်ဒါကော်မတီ**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်ရဲတပ်ဖွဲ့ မြို့မ ရဲစခန်းမှ လ-၂၄၃၁၂၈ ရဲတပ်ကြပ် ဝင်းထွဋ်၏ ဇနီးဖြစ်သူ အမည်မှန်မှာ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အမျက်တောင်ရွာနေ ဦးစံရွှေအောင်၏သမီးဖြစ်သူ မခင်ဆန်းနွယ်[၁၁/ရသတ(နိုင်)၀၈၁၉၂၀]ဖြစ်ပါကြောင်း။

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၊ မြေကွက်အမှတ်-၂၇၄/က၊ အကျယ်အဝန်း(၂၀ပေx၆၀ ပေ)၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၇၄/က၊ အာသာဝတီလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး**တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ရီရီပွင့်ဖြူ[၁၂/ဗဟန(နိုင်)၀၉၅၄၉၃] အမည်ပေါက်လျက်ရှိသော နှစ် (၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ ရောင်းသူ အမည်ပေါက်ပိုင်ရှင်မှ မိမိသာလျှင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချခွင့်ရှိသည့် အထက်ဖော်ပြပါမြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel) တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ မိုးရာသီနှင့်သက်ဆိုင်သည့် ခေတ်ပေါ်စတီရီယို တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **"အမှတ်တရမိုး"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် (၂၃-၅-၂၀၂၅)ရက် (သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

**(၂၃-၅-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "အမှတ်တရမိုး" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မူယာမာယာမိုး | ဌာနအဆိုရှင် |
| ၂။ | အမှတ်တရ | ပြင်ပအဆိုရှင် |
| ၃။ | မိုး | ဌာနအဆိုရှင် |
| ၄။ | အသည်းကွဲရက်ရာဇာ | ပြင်ပအဆိုရှင် |
| ၅။ | အခါလွန်မိုး | ပြင်ပအဆိုရှင် |
| ၆။ | မိုး | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | မိုးသီချင်း | ပြင်ပအဆိုရှင် |
| ၈။ | မိုးလေးဖွဲ့တုန်း | ပြင်ပအဆိုရှင် |
| ၉။ | မိုး | ပြင်ပအဆိုရှင် |
| ၁၀။ | မေမြို့မိုး | ပြင်ပအဆိုရှင် |

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်မင်းလမ်း (ကွင်းပိုင်း)၊ အမှတ်-၁၇၅ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတွဲ(၅)ထပ်တိုက် အဆောက်အဦ၏ ပထမထပ်၊ (၂)လွှာ၊ အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၅၀ ပေ)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မြေရှင်နှင့်ကန်ထရိုက်တာတို့ ချုပ်ဆိုသော နှစ်ဦးသဘောတူကတိစာချုပ်အရ တရားဝင် လက်ရောက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ မြေရှင် ဒေါ်နော်ဂလယ်ဒီအိုလာသော့[၁၂/မရက(နိုင်)၀၃၂၀၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နော်ပွယ်မူး[၁၄/ပတ(နိုင်)၁၈၆၇၉၅]က (၁၆-၅-၂၀၂၅)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အရ အသိသက်သေများရှေ့မှောက်၌ ရောင်းကြေးငွေများကို အပြီးအပိုင်ပေးချေ၍ တရားဝင်ဝယ်ယူပြီး လက်ရောက်ပိုင်ဆိုင်ရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နော်ပွယ်မူး** | **ဒေါ်သီဂီစိုး (LL.B,D.B.L, D.I.L, D.I.P.L, D.M.L)** |
| **[၁၄/ပတ(နိုင်)၁၈၆၇၉၅]** | **အထက်တန်းရှေ့နေ (စဉ်-၃၅၉၄၈)** |
| | **အမှတ်(၃၁/အေ)၊ မြေညီထပ်၊ ကန်လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၄၂၀၁၈၆၃၈၈** |

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ မြေတိုင်း-သကမ/၂၊ အမှတ်(၃၂၇/က)ဟု ခေါ်တွင်သော အကျယ်အဝန်း အလျား(၆၀)ပေxအနံ(၂၀)ပေရှိ မြေကွက်သည် သက်ဆိုင်ရာ အိုးအိမ်နှင့်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးအေးကြိုင်(ဘ)ဦးဘိုထွန်း(SRM ၀၂၄၅၅၉) အမည်ပေါက် ပါမစ်မြေကွက် (၁)ကွက်၊ အမှတ်(၃၂၇/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၆၀)ပေxအနံ(၂၀)ပေရှိ မြေကွက်သည် သက်ဆိုင်ရာ အိုးအိမ်နှင့် ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးလှဦး (ဘ) ဦးပိန်(TKA ၀၂၅၂၁၁) အမည်ပေါက်ပါမစ် မြေကွက် (၁)ကွက်နှင့် အမှတ်(၃၂၈/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၆၀)ပေ x အနံ(၂၀)ပေရှိ မြေကွက်သည် သက်ဆိုင်ရာ အိုးအိမ်နှင့်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်ယဉ်ထွေး (ဘ)ဦးသန်းမောင်(ISN ၁၉၈၁၀၄) အမည်ပေါက်ပါမစ် မြေကွက် (၁)ကွက်၊ စုစုပေါင်းမြေကွက် (၃)ကွက်တို့ကို စာချုပ်အဆက်စပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ တစ်ဆင့်ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးခင်ဌေး[၁၂/သဃက(နိုင်)၀၁၂၃၆၅]နှင့် ဒေါ်ခင်မိုးနိုင်[၁၂/သဃက(နိုင်)၀၁၂၃၆၄]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ဇင်မာထွေး(ဘ)ဦးခင်ဖေ[၈/နမန(နိုင်)၁၈၃၈၂၃] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မင်းနိုင်** | **ဒေါ်သက်ဆုရည်** |
| **LL.B, DL – 101 Wipo (Switzerland)** | **ဥပဒေဘွဲ့ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၉၁၈/၁၆)** | **(စဉ်-၁၂၈၃/၁၇)** |
| **ဖုန်း-၀၉-၄၂၅၁၆၈၉၃၂** | **ဖုန်း-၀၉-၄၂၁၀၂၄၈၈၆** |

**ရုံး-အမှတ်(၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပန်းရောင်ကတ်ပျောက်ဆုံး

ကျွန်မ မသူသူဝင်း [၁၄/လမန(နိုင်)၁၁၉၁၄၀] သည် ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် နေထိုင်ပြီး KKS(MWD) LOGISTICS SERVICE CO.LTD တွင် အကောက်ခွန်ရှင်းလင်းရေးကိစ္စများ ဆောင်ရွက်ရန်အတွက် SMART CARD ပန်းရောင်ကတ်အမှတ် (MWD 009352.TP2876)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**မသူသူဝင်း**
**[၁၄/လမန(နိုင်)၁၁၉၁၄၀]**
**ဖုန်း-၀၉-၄၂၁၆၆၀၀၁၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ပဒုမ္မာ(၄)လမ်း၊ အမှတ်(၅၄၉/ခ)၊ တရားဝင် မခွဲစိတ်ရသေးသောမြေအကျယ်အဝန်း(အလျား၁၅xအနံ၆၀)ပေရှိ (ဂရန်မိတ္တူ) မြေနှင့်အိမ် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်အေးသွင် (ISN-186146)**အမည်ဖြင့် မှတ်သားထားပြီး၊ ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော **ဒေါ်ထားထားငွေ[၁၂/အစန(နိုင်)၁၆၈၇၈၁]**မှ မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ **ဦးဝင်းမြင့်[၁၂/ဗဟန(နိုင်)၀၀၅၄၈၇]** မှအပြီးအပိုင် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၃၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၃၀/ခ)၊ တကောင်း(၁)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်မြနု [၁၂/ဥကတ(နိုင်)၀၀၉၂၂၉]၊ (AD-၀၅၆၇၀၇)၊ ဦးမြင့်အောင်[၁၂/ဥကတ (နိုင်)၀၉၉၀၅၁]၊ နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်မြနု (မိခင်)နှင့် ဦးတီး(ဖခင်)တို့ ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်သား တစ်ဦးဖြစ်သူ ဦးမြင့်အောင် [၁၂/ဥကတ(နိုင်)၀၉၉၀၅၁]မှ သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၅၆၁/၂၀၂၄)(၁-၈-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ အမှတ်-၅၆၀/၂၀၂၄ (၁-၈-၂၀၂၄)၊ သေစာရင်းများ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဗိုလ်တေဇ(၄)လမ်း၊ မြေကွက်အမှတ်(၁၅၇/ခ) ဟု ခေါ်တွင်သည့် (၂၀ပေx ၆၀ပေ) ကျယ်ဝန်းသော ဒေါ်ရှလီမာအမည်ပေါက်သည့် ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိနေအိမ် အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်မိမိတို့မောင်နှမ (၇)ဦး ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းဇော်ထွန်းက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ကျော်နိုင် (LL.B, D.B.L, D. I. L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၈၉)**
**အမှတ်(၅၂၈)၊ ရတနာလမ်း၊ သပြေကုန်းအရှေ့ပိုင်း၊ ဒလမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၂၇၀၅၁၄၁**

# ကျုံ့ပျော်မြို့နယ်၌ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပ

ကျုံ့ပျော် မေ ၂၀

အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးပြီး ဧရာဝတီတိုင်းဒေသကြီး ရိုးရာလက်ဝှေ့ဆပ်ကော်မတီက စီစဉ်သော မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ကျုံ့ပျော်မြို့နယ် မိုးလုံလေလုံ အားကစားခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။



### ယှဉ်ပြိုင်ကစား

ပြိုင်ပွဲတွင် နှစ်ချီတွဲဆိုင်း သုံးဆိုင်း၊ သုံးချီတွဲဆိုင်း ငါးဆိုင်းနှင့် လေးချီတွဲဆိုင်းနှစ်ဆိုင်း စုစုပေါင်း တွဲဆိုင်း ၁၀ ဆိုင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး သရေပွဲ ငါးပွဲ၊ အနိုင်ပွဲ ငါးပွဲ ရရှိခဲ့ကြသည်။

ပြိုင်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လက်ဝှေ့ဝါသနာရှင်ပြည်သူများ တက်ရောက်အားပေးကြည့်ရှုကြပြီး အနိုင်ရရှိသည့် အားကစားသမားများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၈၊ ညီညွတ်ရေးလမ်း၊ မြေကွက်အမှတ်-၂၉၅၊ အကျယ်ပေ(၄၀x၆၀)ရှိ ဦးလှရှိန် အမည်ပေါက်နှစ်(၆၀)ဂရန်ထွက်ရှိထားသော မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသောမြေကွက်၏ခေါင်းရင်းခြမ်းအကျယ်ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရေမီးအစုံပါ လူနေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အား အဆင့်ဆင့်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍လက်ရှိထားပိုင်ဆိုင်လျက်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်စိမ်းစိမ်းသဥ္ဇာဝင်း[၆/မမန(နိုင်)၁၄၅၅၇၉] ကိုင်ဆောင်သူထံမှဝယ် ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးချစ်မင်းနိုင်[၁၄/ကပန(နိုင်)၁၇၁၈၅၂]၊ ဒေါ်သော်တာကျော်[၇/ကဝန(နိုင်)၁၄၇၇၁၉]ကိုင်ဆောင်သူတို့မှ စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်မြေအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးချစ်မင်းနိုင် [၁၄/ကပန(နိုင်)၁၇၁၈၅၂]၊ ဒေါ်သော်တာကျော်**
**[၇/ကဝန(နိုင်)၁၄၇၇၁၉]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှိုင်ဝင်းထွဋ်(LL.B,D.CBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၇၉)**
**အမှတ်-၃၅(က)၊ ဗိုလ်အောင်ကျော်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၂၉၃၈၈၇**

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင် ပါသည်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာနမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်ရေး ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း အမှတ်စဉ် (၂/၂၀၂၅)ကြော်ငြာ

၁။ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာနမှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်းစိန်မြို့နယ်ရှိ ကျွန်းပြတင်းတံခါး (၇၈)ချပ်၊ (၁.၂၆၀၄)တန်၊ ပျဉ်းကတိုး ကျည်းပေါင် (၁၅၀)ချောင်း၊(၀.၈၈၂၄)တန်၊ မှော်ဘီမြို့နယ်ရှိ ကျွန်းတံခါး (၄၅)ချပ် (၁.၁၉၉၄)တန်၊ တံခါးအပိုင်းအစ(၂၃၇)ချောင်း၊ (၀.၂၉၇၄)တန်နှင့် ထန်းတပင် မြို့နယ်ရှိ ကျွန်းသစ်လုံး (၂)လုံး (၀.၂၃၆၀)တန်၊ လုံးပတ် (၃)ပေအောက် ကျွန်းသစ်လုံး (၁၀)လုံး၊ (၀.၂၆၀၀)တန်တို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင် စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ် ပါသည်–

ကျင်းပမည့်အစီအစဉ်

(၁) နေ့ရက်/အချိန် – (၂၈–၅–၂၀၂၅)ရက်နေ့ (၉:၀၀)မှ (၁၂:၀၀)နာရီထိ

(၂) နေရာ – သစ်တောဓမ္မာရုံ၊ ကြို့ကုန်းသစ်တောဝင်း ဘုရင့်နောင်လမ်း ၊ အင်းစိန်မြို့နယ်

၂။ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်လိုင်စင်ရရှိထားသည့် ပရိဘောဂနှင့် ပန်းပုလုပ်ငန်းရှင်များ၊ သစ်အခြေခံအိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၊ စက်သေး လုပ်ငန်းနှင့် သစ်အရောင်းဆိုင်လုပ်ငန်းရှင်များသည် (၂၁–၅–၂၀၂၅) ရက်နေ့မှ (၂၇–၅–၂၀၂၅)ရက်နေ့ထိ အင်းစိန်မြို့နယ်၊ (အနောက်ကြို့ကုန်း)ရှိ ရန်ကုန် မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ဈေးပြိုင် လေလံဝယ်ယူခွင့် လျှောက်လွှာ(၁)စောင်လျှင် (၃၀၀၀ိ/–)နှုန်းဖြင့် လိုင်စင်မိတ္တူ နှင့်အတူ ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့် လပ်ပုံများကို (၂၂–၅–၂၀၂၅)ရက်နေ့မှစ၍ လေလံပွဲမကျင်းပမီ ပစ္စည်းတည်ရှိရာ နေရာများတွင် ဝယ်ယူမည့်သူကိုယ်တိုင် သွားရောက်ကြည့်ရှု နိုင်ပါသည်။

၄။ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့် အချက်အလက်များအား အသေးစိတ် သိရှိလိုပါက သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြား ရေးမှူးရုံး၊ တယ်လီဖုန်းအမှတ်၊ 09- 421014647 နှင့် 09-425363027 သို့ စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ**
**ရန်ကုန်မြောက်ပိုင်းခရိုင်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/တိုးချဲ့ )၊ နဂါးရတ်လမ်း၊ မြေကွက်အမှတ် (၂၂၆) ဟုခေါ်တွင်သော (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဦးမောင်စိုး အမည်ပေါက် ပါမစ်မြေကွက် တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၂၂၅)နှင့် ကပ်လျက်ဘက်ခြမ်း၊ (အလျား ၂၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ် ကတိစာချုပ်အဆက်ဆက် ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းမောင် [၁၁/ကဖန(နိုင်)၀၀၀၄၅၅]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆို လာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဆန်းရွှေဝင်း[၁၁/ရသတ(နိုင်)၀၅၅၂၃၁] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ သည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါကခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **Ph: 09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09-420080932, 09-983837110** |

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈/အေ)။ မြေကွက်အမှတ်(၁၄၀၄)၊ မြေကွက်လိပ်စာအမှတ်(၁၄၀၄)၊ ဇာဒက်ကြီးကျွန်းလမ်း၊ ၁၈/အေရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော ဦးကျော်မောင်(AH- ၀၈၇၉၄၆) အမည်ဖြင့်မှတ်သားတည်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၅ပေx ၆၀ပေ) ဧရိယာ(၂၇၀၀) စတုရန်းပေ(၀.၀၆၂)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူ ဦးကျော်မောင်(AH-၀၈၇၉၄၆)မှ ၎င်းအမည်ပေါက်ဖြင့် နေထိုင်ပိုင်ဆိုင်လာသော အိမ်၊ မြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းသာလျှင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့် ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလ တန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးရဲခန့်ကို [၆/လလန(နိုင်)၁၄၂၇၃၂] မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ် ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောမူရင်း စာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**ဦးရဲခန့်ကို၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်နီလာဝင်း (LL.B)** | **ဒေါ်ဂျာရိန်အောင်ဘူ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၂၃)** | **အထက်တန်းရှေ့နေ(စဉ်– ၅၅၅၆၀)** |

**အမှတ်(၂၃၉) ပထမထပ်၊ (၃၆)လမ်းအထက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-778434507, 09-794077590**

## "ကန့်ကွက်နိုင်ပါသည်"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ ဆုပြည့်ရတနာ (၃)လမ်း၊ အမှတ်(၄၉၁/ခ)ဟု မှတ်သားတည်ရှိသော ဒေါ်ညွန့် [၁၂/ပဇတ(နိုင်)၀၂၁၄၄၄] အမည်ပေါက် ပေ(၂၀x၆၀) အကျယ်အဝန်းရှိသည့် ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်ခင်လင်းငွေ [၁၄/ ဒဒရ(နိုင်)၀၈၂၄၇၇]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်** ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသောစာမှတ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသူရိန်ကျော်(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ (စဉ်–၅၂၃၄၅)**
**အမှတ်(၆၈၂)၊ ရွှေဝါထွန်းလမ်း၊ ၆၈–ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၀၇၉၀၀၆၁၆၊ ၀၉–၄၅၇၃၉၈၂၂၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၈၀)၊ မြေကွက်အမှတ်– ၁၀၅၆** ဟုခေါ်တွင်သော (၄၀'x၆၀')အကျယ် အဝန်းရှိ ပါမစ်မြေအမျိုးအစားမြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ဝယ်ထားရှိပါကြောင်း ရောင်းချခွင့်ရှိကြောင်းဝန်ခံလျက် **ဦးဝင်း လွင်ဦး [၁၄/မအန(နိုင်)၁၈၀၉၇၂]**နှင့် **ဒေါ်ထုဘု[၁၃/ကခန(နိုင်)၀၂၉၃၃၂]**တို့က ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်မိတ်ဆွေ **ဒေါ်ညီညီလင်း [၅/ကလထ(နိုင်)၁၃၄၃၉၇]**က ဝယ်ယူရန်သဘောတူသဖြင့် ရောင်းဖိုးငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညီညီလင်း[၅/ကလထ(နိုင်)၁၃၄၃၉၇]၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဇင်မာအောင် (LL.B., D.B.L., D.M.L., D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၂၂၃/၁၄–၃–၂၀၁၇)**
**အမှတ်– ၇၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၅၀၀၆၁၃၀၀၊ ၀၉–၉၅၃၃၂၂၇၀၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ (က/ဂ)ရပ်ကွက်၊ ၁၆၂–လမ်း၊ အမှတ်– ၁၂၊ ၆–လွှာ/အနေနေ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းဦး(ခ)မိုဟာမ္မဒ်ယူနွတ်စ် [၇/ပမန(နိုင်)၁၀၇၅၄၈]နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၇–ရပ်ကွက်၊ သမိန်ဗရမ်းပန်းခြံ (၁)လမ်း၊ အမှတ် – ၆၈၇ နေ ဒေါ်အေးအေးသန်း (ခ) မရိယမ်ဘီ [၁၂/အစန(နိုင်)၁၄၅၀၅၆]တို့သည် (၁၆–၃–၂၀၀၃)ခုနှစ်တွင် နေကာဟ်ပြုထိမ်းမြား ခဲ့ပြီး သား(၂)ဦးထွန်းကားခဲ့ပါသည်။ ပေါင်းသင်းခဲ့သည့်ကာလအတွင်း အိမ်ထောင်ရေး အဆင်မပြေမှုများ၊ သဘောထားချင်း မတိုက်ဆိုင်မှုများရှိခဲ့သောကြောင့် ဦးဇော်မင်းဦး အနေဖြင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် (၁–၈–၂၀၂၄)၌ ဒေါ်အေးအေးသန်းအား သွလာက်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်မ်လူငယ်များ(ဘာသာရေး)အဖွဲ့၊ မ.မ.လ ဌာနချုပ်၏ (၉–၁၁– ၂၀၂၄)ရက်စွဲပါ ဓမ္မသတ်ဆုံးဖြတ်ချက် ၁၃/၂၀၂၄ အရ အစ္စလာမ် တရားတော်နှင့် အညီ အကြင်လင်မယားအဖြစ်မှ အပြီးအပိုင်ပြတ်စဲသွားကြောင်း အတည်ပြု ဆုံးဖြတ်လိုက်ပြီးဖြစ်သည့်အတွက် (၉–၁၁–၂၀၂၄)ရက်မှစ၍ ဦးဇော်မင်းဦးနှင့် ဒေါ်အေးအေးသန်းတို့နှစ်ဦး ကွာရှင်းပြတ်စဲပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မင်းဦး (ခ) မိုဟာမ္မဒ်ယူနွတ်စ် ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်မြတ်ချို (LL.B, DBL, DML, DIL, DIPL, DIR, DSW)**
**တရားလွှတ်တော်ရှေ့နေ (စဉ်/၁၀၀၅၆)**
**အမှတ် (၉/၁၁)၊ အခန်း (၁၀၃/စီ)၊ ၃၆–လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၇၉၃၂၆၇၉၄၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၆–ရပ်ကွက်၊ ၄၄–လမ်း၊ တိုက်အမှတ် (၆၁)၊ အခန်းအမှတ် (၁၅)၊ (၈)ထပ်တိုက်၊ ၇–လွှာ တိုက်ခန်း (၁)ခန်း နှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထား ပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ဝေမာမီး [၁၂/မရက(နိုင်) ၁၃၂၃၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးမင်း [၁၀/မလမ (နိုင်)၁၆၇၀၄၄]နှင့် ဒေါ်နှင်းသဇင် [၁၀/မလမ(နိုင်)၁၅၁၃၁၀]တို့က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်း တန်ဖိုး၏ တစ်စိတ်တစ်ဒေသအားပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ဦးစိုးမင်း နှင့် ဒေါ်နှင်းသဇင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြသီတာဖြိုးဝေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၉၅၀/၂၀၂၃)**
**အမှတ် (၁၂၈)၊ မြရာကုန်းလမ်းတို၊ တောင်ညွန့်ကြီးရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၉၄၂၇၁၁၂၅၇**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ ဥဒ္ဒေနာ(၉) လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်– ဠ၊ မြေကွက်အမှတ်–(၁၇၅)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် (၁၂)ခန်း၏ စတုတ္ထထပ်(ဘီ) အကျယ်အဝန်း (၁၉ပေx၅၅ပေ)ရှိတိုက်ခန်း(၁)ခန်းအား အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ/ယခုတိုက်ခန်းရောင်းချသူ ဒေါ်ဆိုင်ကုတ်[၁၃/လရန(နိုင်) ၀၇၇၀၂၉]မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစား အမွေခံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ များအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံ သောတရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာချို ( LL.B., DIPL ) တရားလွှတ်တော်ရှေ့နေ( စဉ်–၁၇၇၇၀ )**
**အမှတ်– ၆၇၈၊ ဣန္ဒာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၉၇၄၀၀၀၈၃၉၊ ၀၉–၂၅၀၁၇၂၉၁၉**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁ - ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်- ၄၄၈ ဟုခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၁ ၊ မြေကွက်အမှတ်- ၄၄၈ ၊ ဧရိယာ(၀.၀၅၉)ဧက၊ မြေအမျိုးအစား - နှစ်(၆၀)မြေငှားဂရန်၊ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်စိန်မြတ်မိုး (၁၄/ဟသတ (နိုင်) ၂၂၁၉၇၉) မှ မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရံငွေတစ်စိတ်တစ် ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုး သက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ သို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဦး (LL.B,D.B.L)** | **ဦးဟန်လင်းအောင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၈၇၅) | အထက်တန်းရှေ့နေ(စဥ်-၅၆၆၆၈) |

အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၄)ရပ်ကွက်၊ မလိခလမ်း၊ အမှတ်(၃) ဟုခေါ်တွင် သော ပါမစ်အမည်ပေါက်၊ အကျယ်အဝန်း (၃၀ပေx ၅၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဒေါ်အေးအေးစိုး [၁၂/ရကန(နိုင်)၀၂၆၈၄၉]၊ ဒေါ်အေးအေးမိုး [၁၂/ရကန(နိုင်)၀၂၆၄၂၈]၊ ဒေါ်ခင်လေးထွေး [၁၂/ဥကမ (နိုင်)၀၀၀၁၂၇]တို့မှ အမွေဆက်ခံပိုင်ဆိုင်လာပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝယ်ယူသူ ဦးသက်ပိုင်ထွန်း[၁၀/မဒန(နိုင်)၂၄၃၆၇] သို့ ရောင်းချရန်ကမ်းလှမ်းရာ ဝယ်ယူသူမှ (၁၈–၄–၂၀၂၅)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ် ပါသည်။ ကျန်ငွေများအား ဆက်လက်ပေးချေမည်ဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင် ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးသက်ပိုင်ထွန်း** | **ဒေါ်သန္တာအောင်(ခ)ဒေါ်နှင်းပွင့်ဇင် (LL.B)** |
| **[၁၀/မဒန(နိုင်)၂၄၃၆၇]** | **တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၀၃၀)** |
| | **ဖုန်း– ၀၉–၂၆၀၄၀၁၀၇၁၊ ၀၉–၆၉၂၇၂၄၇၈၉** |

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ အောင်တံခွန်လမ်းမကြီး၊ အမှတ် (၁၃၆၀/က) ဟုခေါ်တွင်သော ဦးဘတင် အမည်ပေါက်၊ နှစ်(၆၀) ဂရန်အမျိုးအစား၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ) မြေကွက်နှင့် နေအိမ် အပါအဝင်၊ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဒေါ်မိုးမိုး(ခ)ဒေါ်မြင့်မြင့်သွယ်[၁၂/တမန(နိုင်)၀၇၄၃၀၆] နှင့် ဒေါ်စိုးစိုးမိ[၁၂/ဒဂတ(နိုင်)၀၂၀၇၈၇]တို့မှ အမွေဆက်ခံပိုင်ဆိုင်လာပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝယ်ယူသူ ဒေါ်အေးမြတ်နိုင် [၁၂/ဥကမ(နိုင်)၀၂၈၆၈၂]သို့ ရောင်းချရန်ကမ်းလှမ်းရာ ဝယ်ယူသူမှ (၁၅–၅–၂၀၂၅)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကျန်ငွေများအား ဆက်လက်ပေးချေမည်ဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်အေးမြတ်နိုင်** | **ဒေါ်သန္တာအောင်(ခ)ဒေါ်နှင်းပွင့်ဇင် (LL.B)** |
| **[၁၂/ဥကမ(နိုင်)၀၂၈၆၈၂]** | **(တရားလွှတ်တော်ရှေ့နေ) စဉ်–၁၈၀၃၀** |
| | **ဖုန်း– ၀၉–၂၆၀၄၀၁၀၇၁၊ ၀၉–၆၉၂၇၂၄၇၈၉** |

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

